


# ငါသည်မှချသေရမည်
# အချိန်ပိုင်းသာလိုတော့သည်

၁၄၃

ဟောကြားသည့်နေ့
(၂၀-၃-၆၁)

ကျေးရှုးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၄၁)မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားတော်မူသောတရားတော်

# ငါသည်မုချသေရမည်
# အချိန်ပိုင်းသာလိုတော့သည်

ဟောကြားသည့်နေ့ (၂၀၊ ၃၊ ၆၁)

စာမူခွင့်ပြုချက် အမှတ် - ၂၁၇ /၉၉ (၄)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားသောတရားတော်

# ငါသည်မှုချသေရမည်
# အချိန်ပိုင်းသာလိုတော့သည်

(၂၀၊ ၃၊ ၆၁)

## ဘယ်ဘဝကလာကြသတုံး

အားလုံးတရားနာကြတဲ့ ဒကာဒကာမတွေ ကိုယ့်အကြောင်း ကိုယ်စဉ်းစားရမယ်၊ (မှန်ပါ့) ကိုယ့်အကြောင်းကိုယ်စဉ်းစားရမယ် ဆိုလို့ရှိရင်ဖြင့်၊ ကိုယ်ဟာဘယ့်နှယ်ဖြစ်နေတယ်ဆိုတာတွေးရမယ်နော် (မှန်ပါ့) ဘယ်လိုများဖြစ်နေသတုံးလို့မေးတဲ့အခါကျတော့မှ၊ ဒကာ ဒကာမတွေ ဘယ်ဘဝကလာကြသလဲလို့ မေးလို့ရှိရင်၊ မသိပါဘူးဘုရားလို့ တစ်ပွဲလုံးဖြေရမယ် (မှန်ပါ့)။

ဘယ်ဘဝကလာကြသတုံး . . . (မသိပါဘူးဘုရား) ဩော် . . . မသိတဲ့ ဆီကလာကြတာဘဲ . . . ။

ဒကာ ဘယ်ကလာပါလိမ့် . . . (မသိပါဘူးဘုရား)၊ ခက်လိုက်တဲ့ဖြစ်ခြင်း၊ ကိုယ်လာတဲ့နေရာ ကိုယ်မသိဘူးဆိုတဲ့ အဓိပ္ပါယ်ကလဲ ဘယ်နှယ့်ဖြစ်နေကြတာတုံးလို့ မေးလို့ရှိရင် ဖြင့် မသိလို့ မသိတာလျှောက်ရပါတယ်ဘုရားဆိုတာ ဒါပဲ အဖြေထွက်မှာပဲ . . . (မှန်ပါ့)။

## ဘယ်သွားရမှာတုံး

ကောင်းပြီ ဒကာ ဒကာမတွေ၊ ဒီဘဝကစုတေမနေ သေလွန်လို့ရှိရင်လဲ၊ ဘယ်သွားကြရမှာတုံးလို့ မေးပြန်လို့ရှိရင် လဲ မသိပါဘူးဘုရားဘဲ ဖြေရမှာပဲ . . .။

ဩော် . . . ခက်လိုက်တဲ့ဖြစ်ခြင်း၊ ဘယ်ကလာလို့ ဘယ်သွားရမှန်းမသိဘူးဆိုတဲ့ ကလေးလောက် အရှုပ်ဆိုးတာတော့ဖြင့် ရှိမယ်မထင်ပါဘူး . . . (မှန်ပါတယ်)။

ဦးခင်မောင် ဘယ်ကလာလို့ ဘယ်သွားရမှန်း မသိဘူးတဲ့၊ ဘယ့်နှယ်ဖြစ်နေကြသတုံး . . .။ မသိလို့ဘဲ ဘယ်ကလာလို့ ဘယ်သွားရမှန်းမသိဘူး ဆိုတော့၊ မောင်ကျော်တို့ လူစုအတော်ခက် နေတယ်ကွ။ ဘယ်ကလာသတုံးမေးရင်တော့ (မသိပါဘူးဘုရား)။ ဘယ်သွားရမှာတုံးဆိုတော့ကော (မသိ

ပါဘူးဘုရား)။ အံမလေး မသိတွေကလဲ ပေါလှချေလား . . .။ ဦးခင်မောင် မသိတွေ မှိုပေါက်နေပြီ . . . (မှန်ပ့ါ)။

## မသိရာကို သွားနေရတယ်

ဒါတွေသည်ကားလို့ဆိုလို့ရှိရင်ဖြင့်၊ နောက်နောင်တုန်းက ဘဝတွေကလဲ မသိရာကလာပြီး၊ မသိရာကိုချည်းသွားနေရတာဘဲဆိုတဲ့ အဓိပ္ပါယ်ရှင်းလင်းပြီး သကာလနေတော့ တယ် (မှန်ပ့ါ)။

အဲဒီတော့ ဒကာ ဒကာမတို့ တစ်ခါတုန်းကြီးကပဲ ဆက်မေးပြန်ပါတယ်။ ဓမ္မပဒမှာလာတဲ့ ရက်ကန်းသည်မကလေး ကုမာရီတို့ ဝတ္ထုကို ထောက်လိုက်လို့ရှိရင်လဲ သိသာပါတယ်၊ သေရမှာ ဒကာ ဒကာမတွေ မသိဘူးလားလို့မေးရင် ဘယ့်နှယ် ဖြေကြမလဲ . . . (သိပါတယ်ဘုရား) သေရမှာတော့လဲ အသိသား . . . (မှန်ပါ)။

## သေရမှာတော့သိကြတယ်

ဩော် . . . သေရမှာတော့လဲ သိတယ်၊ သိတာတစ်ချက်ကတော့ အရှိသားပဲ . . .။ ဘယ်ကလာမှန်းလဲမသိ၊ ဘယ်သွားရမှန်းလဲမသိ၊ သေရမှာ သိရဲ့လားဆိုတော့ (သိပါတယ်ဘုရား) သိပါတယ်ဘုရားဆိုတော့ သိတာကလဲ

အမှန်သားပဲ . . . ။ ခန္ဓာကြီး ရကတည်းက သေရမယ်ဆိုတာ သိနေကြတယ်နော်. . . (မှန်ပါ) သိပင်သိငြားသော်လဲ မသိတာကလေးတစ်ချက်က ရှိနေပြန်တယ်။ သိတဲ့အထဲက မသိတာကလေး တစ်ချက်က ဒကာဝတို့ မောင်သော်တို့ ဦးခင်မောင်တို့ ရှိနေသေးတယ် (မှန်ပါ) သေရမည့်အချိန် ကာလကို သိကြရဲ့လား မေးပြန်တော့ (မသိပါဘူး)။

## သေရမည့်အချိန်တော့ မသိကြဘူး

ဩော် . . . ဒါဖြင့် ဒကာဒကာမတို့ အချိန်သာမသိ တာ သေရမှာတော့ သိတယ်ဆိုတာ ရှင်းနေပြီ . . . (မှန်ပါ)။

ဒါဖြင့် ဒကာဒကာမတို့ ပြန်မေးပါဦးမယ်။ ဘယ်ကလာ ကြသတုံး . . . (မသိပါဘူး) ဘယ်သွားကြမှာတုံး . . . (မသိပါဘူး) သေရမှာတော့ သိရဲ့လား. . . (သိပါတယ်ဘုရား) အချိန်တော့ သိကြရဲ့လား . . . (မသိပါဘူး)။

ဩော် . . ဒကာဒကာမတွေရှိလို့ ခင်ဗျားတို့ ကျုပ်တို့ မှာဖြင့် ခက်ပြီးသကာလနေတာ ဘယ်ကလာမှန်းလဲ မသိ၊ စုတေမနေ သေလွန်တဲ့ အခါကျလို့ရှိရင် ဘယ်သွားရမှန်းလဲ မသိ။ သေရမှာတော့လဲ ခန္ဓာရကတည်းကသိရဲ့။ သေရမည့် . အချိန်ကာလကြည့်လိုက်ပြန်လို့ရှိရင်လဲ မသိပြန်ဘူးတဲ့။

ဒါဖြင့် ဒကာဒကာမတို့ ဒီလိုလုပ်ကြစို့လား။ ဘယ်က

လာတယ် မသိတာကတော့ဖြင့် အသာထား၊ ဘယ်သွားရမယ် ဆိုတဲ့ သိဖို့ရာအလုပ်ကတော့ လုပ်မယ်ဆိုရင်ရတယ်။ (မှန်ပါ)။

## ဘယ်သွားရမယ်ဆိုတာ သိအောင်လုပ်ထားပါ

ဘယ်သွားရမယ်ဆိုတာ သိဖို့ရာ အလုပ်ကတော့ (လုပ်ရင်ရပါတယ်) လုပ်ရင်ရသေးတယ်ဆိုတော့ အင်း. . . ဒီနည်းကလေး တစ်နည်းတစ်ဖုံ ရှိသေးတဲ့အတွက် ကောင်းပဲ ကောင်းသေးတော့တယ်ဆိုတဲ့ အဓိပ္ပါယ်လဲ ရသေးတယ် နော်. . . (မှန်ပါ)။

အဲဒီတော့ ဒီလိုလုပ်ကြရပါလိမ့်မယ်။ ဒကာဒကာမတို့ လာရာမသိလို့ရှိရင် သွားရာသိဖို့ အလုပ်ကလေးတစ်ခုတော့ ကျုပ်တို့ လုပ်ထားရမယ် (မှန်ပါ)။

သွားရာသိဖို့ အလုပ်ကလေးတစ်ခုတော့ ဘာပါလိမ့်။ (လုပ်ထားရပါမယ်ဘုရား) လုပ်ထားဖို့ အင်မတန်ကိုပဲ အရေးကြီးပါတယ် ဆိုတာ မှတ်ထားလိုက်တာပေါ့ (မှန်ပါ့)။

## စိတ္တသူကြွယ်

သေတော့မယ်ဆိုတော့ စာလိုသုံးရင် ကံ ကမ္မနိမိတ် ဂတိ နိမိတ်သုံးပါးမှာ တစ်ပါးပါးထင်ရတယ်ဆိုပေါ့၊ စိတ္တ သူကြွယ်

တို့ကျတော့ ဒကာ ဒကာမတို့ ခိုင်လုံတဲ့ ဝိပဿနာ ပညာ၊ မဂ်ပညာတွေ လုပ်ထားလိုက်တဲ့အတွက်၊ ဘေးက သစ်ပင်စောင့် စသည်တို့က စိတ္တသူကြွယ် သင်သေတော့မှာပဲ၊ "သီလဝတော စေတောပဏိဓိ ဝိသုဇ္ဈတ္တာဆိုတဲ့အတိုင်း၊ သင်သည်ကားလို့ဆိုရင် သီလလည်း ပြည့်စုံစိတ်တောင့်တတိုင်း ပြည့်စုံနိုင်ပါတယ်တဲ့။

## သွားရမည့်ကိစ္စ၊ သူသိတယ်

ဒါကြောင့် သင်သည်ကား စကြဝတေးမင်းအဖြစ်ကို ယူပါလို့ဆိုတော့၊ စိတ္တသူကြွယ်က ဦးဝရေ . . . တမ္ပိအနိစ္စံလို့ ပြောလိုက်တယ်။ တမ္ပိ - ထိုစကြဝတေးမင်း စည်းစိမ်သည်လည်း အနိစ္စံ - အနိစ္စပဲတဲ့။ တမ္ပိ-ထိုစကြဝတေးမင်း စည်းစိမ်သည်လည်း အဒ္ဓုဝံ - မမြဲဘူးတဲ့၊ ကဲ-ထိုစကြဝတေးမင်း စည်းစိမ်ကို ပဟာယ-ပယ်၍၊ ဂမနီယံ သွားမည်တဲ့။ ဒါတွေကို ငါပယ်ပြီးတော့ သွားမည်ဆိုတော့ သူသေမည့်ကိစ္စကို လာပြောနေကြတာ (မှန်ပါ) ဒါတွေပယ်ပြီး ကျုပ်သွားမယ်ပြောတော့ သူသေရမှာ သိတယ်။ သွားရမည့်ကိစ္စကို သူသိတယ် (မှန်ပါ) အဲ့ဒါက သိတဲ့နည်းလုပ်ထားလို့သိတာ (မှန်ပါ)။

ဒကာ ဒကာမတို့ အစကပြောခဲ့တာကတော့ သိတဲ့

နည်းလုပ်မထားလို့ မသိပါဘူး ဘုရားလို့ဆိုတဲ့ အဓိပ္ပါယ်ရတယ် (မှန်ပါ)။

## သွားရမည့်လမ်း သိအောင်လုပ်ထားပါ

ဘာလုပ်မထားလို့ပါလိမ့် . . . (သိတဲ့နည်းလုပ်မထားလို့ပါဘုရား)။ သိတဲ့နည်းလုပ်မထားတဲ့အတွက် ဒကာဒကာမတွေ မသိပါဘူးဘုရားတွေသာ များနေတော့၊ ဩော်. . . သေရမှာတော့ သိရဲ့အချိန်ကလေးလဲ မသိကြသေး။ သွားရမည့်လမ်းခရီးကိုလဲ သိအောင်လုပ်တဲ့နည်း ကျုပ်တို့ လုပ်ထားဖို့အရေးဟာ ကျုပ်တို့ အရေးဘဲဆိုတာ၊ ဒကာဝတို့ မောင်ကိုတို့ ဦးခင်မောင်တို့ ဒကာသစ်ထို့ အကုန်မှတ်ကြရမှာဘဲ . . . (မှန်ပါ)။

ဒါဖြင့် ဒီဥစ္စာ သေရမှာသိရဲ့လားလို့ မေးတော့ ဒကာဒကာမတွေက ဘယ့်နှယ်ဖြေသတုံး (သိပါတယ်ဘုရား)။

သိပြီးသကာလ ဒကာဒကာမတို့ ဘယ်သွားရမှာတုံးဆိုတော့၊ မသိဘူးလို့ ဒကာဒကာမတွေက တရားတစ်ပွဲလုံးပဲသုံးလိုက်ပါတယ်။ အဲဒါသိအောင် လုပ်လို့ရှိရင်လဲ သိနိုင်ပါတယ်။ (မှန်ပါ) ရှင်းပလား. . . (ရှင်းပါပြီ)။

## သိအောင်လုပ်ထားတဲ့ပုဂ္ဂိုလ်တွေ

သိအောင်လုပ်တဲ့ ပုဂ္ဂိုလ်များ သေခါနီးကျတော့၊ ဟို ဓမ္မပဒမှာလာတဲ့ ပုဂ္ဂိုလ်များ ထောက်ကြည့်တဲ့ အခါကျတော့ တုသိတာနတ်ပြည်ကရထားက လာဆိုက်နေတယ်၊တာဝတိံသာ က လာဆိုက်နေတယ်။ ရထားတွေက ကျုပ် ရထားလိုက်ပါ သူ့ရထား လိုက်ပါနဲ့၊ သေခါနီးများ ဦးခင်မောင် အလုအယက် မခေါ်ကြဘူးလားဗျာ . . . (ခေါ်ပါတယ် ဘုရား) ရပ်ကြပါဦး။ ရပ်ကြပါဦးလို့ တောင်အောက်ကနေပြီး မအော်ရဘူးလားဟေ့။ (အော်ရပါတယ်)။

အဲဒီလိုအော်ရတဲ့အခါ သားသမီးတွေကတောင် အထင်လွဲလို့ အဖေ ကယောင်ကတမ်း မပြောပါနဲ့လို့တောင် တောင်း ပန်ကြသေးတယ်။ ဟ . . . ငါ ကယောင်ကတမ်း ပြောတာ မဟုတ်ဘူး။ နတ်ရထားတွေက သူ့ရထားလိုက်ပါ။ ငါ့ရထားလိုက်ပါနဲ့ ပြောလို့ရပ်ကြပါဦး ပြောရတာဆိုတော့ သူသွားရမည့် လမ်း သိနေတာကိုးဗျ (မှန်ပါ)။

## စိတ္တသူကြွယ်တို့ကျတော့

ဒါဖြင့် သုဂတိသွားရမည့် လမ်းကိုလဲ သိတယ်။ ခုနင်က ပြောခဲ့တဲ့ စိတ္တသူကြွယ်တို့ကျတော့လည်း၊ ဝင်္ဂစည်းစိမ်ကို

မလိုချင်တော့ ဒီအနိစ္စတွေ မလိုချင်ပါဘူး၊ နိစ္စနိဗ္ဗာန်သာ လိုချင်ပါတယ်။ နိစ္စနိဗ္ဗာန်ဆီသာ သွားပါတယ် ဆိုတာလဲ ထင်ရှားပြီး သကာလနေတော့၊ ဩော် . . . သူသည် ဘယ်က လာလို့ မသိငြားခဲ့သော်လည်း၊ ဘယ်သွားရမယ်ဆိုတာတော့ သိအောင် ဒကာဒကာမတို့ လုပ်ထားဖို့ သင့်ပါတယ် (မှန်ပါ)။

မလျှော့ကြနဲ့နော် . . . (မှန်ပါ)။ ကိုယ်လုပ်ရင် ကိုယ်ရ တာပဲ . . (မှန်ပါ)။

ကိုယ်လုပ်ရင် (ကိုယ်ရပါတယ်ဘုရား)။ အဲဒီတော့ ဘုန်းကြီးက ဒကာဒကာမတွေ ဆုံးမချင်တာက၊ ဩော် . . . ဘယ်ကလာမှန်းလဲမသိ၊ ဘယ်သွားရမှန်းလဲမသိ၊ သေရမှာ သိရဲ့လားဆိုတော့ သိပါတယ်။ အချိန်သိပါရဲ့လားဆိုတော့ မသိဘူးတဲ့။

အခုဒကာဒကာမတွေ ဝိပဿနာလုပ်၊ ဒါနသီလတွေ ကို ကြီးကြီးကျယ်ကျယ် ကဲ . . . ငါလည်းသေတော့မှာပဲ စွန့်မှပဲ . . . ကြဲမှပဲ . . . ဒါနသီလတွေလည်း လုပ်ရလိမ့်မယ်။ ဝိပဿနာ မဂ်ဉာဏ် ဆိုက်အောင်လည်း (လုပ်ရမှာပါဘုရား)။

လုပ်ရလိမ့်မယ်ဆိုတော့ ဒါတွေကို ဒါနလည်းတွင်တွင် ကျယ်ကျယ် မလုပ်ဖြစ်၊ သီလလဲ မြဲအောင်မလုပ်ဖြစ်၊ ဝိပဿနာ အလုပ်ကြီးကျပြန်တော့လဲ အချိန်ရွှေ့ပြီးသကာလ နေတာသည်၊

ဒကာ ဒကာမတို့ သေရမှာ အချိန်သိကြရဲ့လား . . . (မသိပါဘူး) သေရမယ်ဆိုတာတော့ သိတယ်နော်. . . (သိပါတယ်) အချိန်ကျတော့ (မသိပါဘူး)။

## အလုပ်လုပ်မထားရင် မှားပြစ်ကြီးတယ်

ဪ. . . ဒါဖြင့် သေရမှာသိပြီး၊ အချိန်မသိတာနဲ့ ဒါနလည်း တင်းတင်းမလုပ်၊ သီလလည်း ဖြောင့်ဖြောင့် မစောင့်၊ ဝိပဿနာအလုပ်တွေကိုလည်း တွင်တွင်ကျယ်ကျယ် မလုပ်ပဲ နေတာ ဒကာဒကာမတွေ ကိုယ့်မှားပြစ်ကြီး ကြီးတယ်လို့ ဆိုကြပါစို့ . . . (မှန်ပါ)။

ဦးခင်မောင်ဘာပြစ်ကြီးပါလိမ့် (မှားပြစ်ကြီးပါတယ် ဘုရား)။

မှားပြစ်ကြီး၊ ကြီးတယ်။ သေရမှာတော့ မသိဘူးလား။ သိသလား. . (သိပါတယ်) အချိန်ကလေးကျပြန်တော့. . . (မသိပါဘူးဘုရား) အဲ. . . အချိန်ကလေး မသိတာနဲ့ဖြင့် ဆင်ခြေလဲပြီးသကာလ၊ သားရေးသမီးရေးစီးပွားရေးနဲ့ အချိန်တွေ အကုန်ခံပြီးသကာလ ဒါနလည်း ရဲရဲကြီးမစွန့်၊ သီလလည်း များများကြီး မဆောက်တည်နိုင်ပဲနဲ့၊ သမထဝိပဿနာတွေကို လည်း ဒကာဒကာမတွေက ရှောင်ဖယ်ရှောင်ဖယ် လုပ်နေတာ

ဩော် . . . ဒီအချိန်ကလေး မသိတာနဲ့ ဒကာဒကာမတွေ သည်ကားလို့ဆိုရင်ဖြင့် မိုက်နေတာပဲ။ မလိမ္မာမှုတွေ ပိုနေတာပဲ ဆိုလို့ရှိရင် မလွဲပါဘူး (မလွဲပါဘူး)။

ဒါ့ကြောင့် ခင်ဗျားတို့ တရားအားထုတ်လို့ တွင်တွင်ကျယ်ကျယ်ဖြစ်ပြီး သကာလ၊ သွားရာလမ်းခရီး အသိကြီး သိချင်လို့ရှိရင်ဖြင့်၊ ဒီမရဏာနုဿတိကလေးလဲ မှတ်ထားပါဆိုတာ ပြောရတယ်နော်. . . (မှန်ပါ)။ ငါသည် မုချသေရမည် - အချိန်ပိုင်းသာ လိုတော့သည် ဆိုတာကလေး အမြဲနှလုံးသွင်းရမယ် . . . (မှန်ပါ)။

## ငါသည် မုချသေရမည်

ငါသည် မုချသေရမည်။ အချိန်ပိုင်းသာ လိုတော့သည်။

မုချတော့ သေရမှာပဲ မဟုတ်လား (မှန်ပါ) အချိန်လေး ဘဲလိုတော့တယ်မဟုတ်လား (မှန်ပါ)။

ဒါဖြင့် ဒကာဒကာမတွေ လူငယ်ကလေးတွေမှာလဲ ဘာ သာလိုတော့သလဲ . . . (အချိန်ပိုင်းသာ လိုပါတော့တယ်ဘုရား) သေတော့ သေမှာဘဲ၊ အချိန်ပိုင်းကလေး ကျန်တော့တယ်။ (မှန်ပါ) လူကြီးတွေမှာကော (အချိန်ပိုင်းကလေး ကျန်ပါတော့တယ်)။

အဲဒီအချိန်ပိုင်းအတွင်းမှာ ကျုပ်တို့သည်ကားလို့ဆိုရင် တစ်နေ့ကပြောခဲ့သလို သုဿာန်သွားရင်း အပြေးအလွှား သုဿာန်မြုပ်တဲ့အဖြစ် ဒီဘဝသာ အရောက်ခံမယ်။ နောက် မရောက်အောင် ကြိုးစားမယ်ဟဲ့ဆိုတာကို သုဿာန်သွားရင်း ကြိုးစားရတယ်ဆိုတာ ကိုလဲ မနေ့ကပြောခဲ့ပါတယ် (မှန်ပါ)။ ဒါကြောင့် ဒကာဒကာမတွေ ငါသည် မုချသေရမည်၊ အချိန်ပိုင်း သာလိုတော့သည်ဆိုတာ၊ ကိုယ့်ကိုယ်ကို နှလုံးသွင်းဖို့ ပြောပါ တယ် (မှန်ပါ)။ အချိန်ပိုင်းသာ လိုတော့သည်ဆိုရင် မြန်မြန် ကြိုးစားလိုက်မှပဲဆိုပြီးသကာလ၊ သွားရာလမ်းခရီး သိအောင် မြန်မြန်ကြိုးစားလိုက်မှပဲဆိုတဲ့ ဝီရိယတွေ ပြင်းထန်လာပါလိမ့် မယ်နော်. . . (မှန်ပါ)။

ဒကာဒကာမတွေ ကိုယ့်အဓိပ္ပါယ်ကော ကိုယ်ရှင်းကြရဲ့လား (ရှင်းပါတယ်ဘုရား) ငါသည် . . . ဘာတဲ့တုံး. . . (မုချ သေရမည်)။ သေမှာတော့ သေသေချာချာဘဲ . . . နော် (မှန်ပါ) အေး. . . ဒါကြောင့် -

## သူ့ခြေးလည်း သေရမှာပဲ

**ဒဟရာစဟိ ဝုဍ္ဍါစ၊ ယေဗာလာယေစပဏ္ဍိတာ။ အဍ္ဍာစေဝ ဒလိဒ္ဒါစ၊ သဗ္ဗေမစ္စုပရာယဏာ***လို့ ဟောထား

---

* ကောဒသနိပါတ် ဒသရထဇာတ်တော်ကြည့်ပါ။

တယ်။ ငယ်တဲ့ပုဂ္ဂိုလ် သေရမှာပဲကွ။ ကြီးတဲ့ပုဂ္ဂိုလ်လည်း သေရမှာကွ။ ယေဗာလာ ယေစပဏ္ဍိတာ-လူမိုက်တွေလည်း သေမှာဘဲ၊ လူလိမ္မာလည်း သေမှာပဲကွတဲ့ (မှန်ပါ) အဖူါစေဝ-ဒလိဒ္ဒါစတဲ့-သူဌေးသူကြွယ်တွေလည်း သေရမှာဘဲ၊ ဆင်းရဲသားကော (သေရမှာပါဘုရား)။ သဗ္ဗေမစ္စုပရာယဏာ - သေမင်းသာလျှင် လဲလျောင်းရာရှိတယ်။ သေမင်းဆီမှာ သွားပြီး အခွန်ဆက်ကြရမှာချည်းပါဘဲ၊ သေမင်းလက်တွင်း ခေါင်းစင်းပြီး အပ်ကြရမှာချည်းပါဘဲဆိုတာ သေချာကြပြီလား. . . (သေချာပါပြီ)။

## လူလိမ္မာလည်း သေရမှာပဲ

အဲဒါကြောင့် ဒီအထဲမှာ အခုပြောတဲ့ ခြောက်မျိုးထက် ဖြင့် မများတော့ပါဘူး (မှန်ပါ) ငယ်တဲ့ပုဂ္ဂိုလ်လဲပါ,ပါတယ် ကြီးတဲ့ပုဂ္ဂိုလ်ကော (ပါ ပါတယ်ဘုရား) မိုက်တဲ့ပုဂ္ဂိုလ်လဲ (ပါပါတယ်) လိမ္မာတဲ့ ပုဂ္ဂိုလ်ကော ပစ္စည်းပါးရှားတဲ့ပုဂ္ဂိုလ်ကော (ပါပါတယ်) ဘာပဲပါပါ ဒီခြောက်မျိုးဟာ နောက်ဆုံးပိတ် သေမင်းခေါင်းစင်း အပ်ရမှာချည်းဘဲ (မှန်ပါ)။

အဲဒါကြောင့် သေမင်းချည်းခေါင်းစင်း အပ်ရတဲ့ ဘဝတွေကများလွန်းလို့၊ ဒကာဒကာမတို့ တော်ပြီတန်ပြီ

သေမင်းရဲ့ စားဖတ် ဝါးဖတ်အဖြစ်မှ ကျုပ်လွတ်အောင် ရှောင်ပါတော့မယ်ဆိုပြီး သကာလ၊ စိတ္တသူကြွယ်တို့လို လောကစည်းစိမ်တွေဟာ အကုန်အနိစ္စချည်းဘဲ. . . နိဗ္ဗာန်သာလျှင် ကောင်းတယ်ဆိုတဲ့ အသိဉာဏ်မျိုးရောက်အောင်၊ တစ်ခါတည်း ကိုယ်သွားရမည့်လမ်းကို သိထားရအောင်၊ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒါနသီလသမထ ဝိပဿနာတွေ အကုန်ကြိုးစားရတော့မယ်ဆိုတဲ့ဉစ္စာ ယနေ့ဟောပါတယ် (မှန်ပ့ါ) ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ကဲဒါဖြင့်ဒကာဒကာမတွေ အခုတရားတော့ နာနေကြတာပဲ၊ ဘုန်းကြီးကလဲ တရားဟောနေတာပဲ၊ အချိန်ပိုင်းသာ လိုတော့တယ် (မှန်ပ့ါ)။

## အချိန်ပိုင်းသာလိုတော့တယ်

ဘုန်းကြီးကလဲ. . . (အချိန်ပိုင်းသာလိုတော့တယ်) ပျံတော်မူတော့မှာပဲ အချိန်ပိုင်းသာလိုတော့တယ်၊ ဒကာဒကာမတွေကလဲ သေတော့မှာပဲ ဘာပါလိမ့် (အချိန်ပိုင်းသာလိုပါတော့တယ်ဘုရား) အချိန်ပဲ ကျန်ကြတော့တယ်၊ သေရမှာတော့ သေချာတယ်နော် (မှန်ပ့ါ)။

အဲဒီတော့ ဒီအချိန်ကလေးအတွင်းမှာ၊ ဆရာကလည်း ဆင်ခြေလဲနေလို့မဖြစ်ဘူး ကိုယ့်အလုပ်ကိုယ်လုပ်ရမှာပဲ

. . . (မှန်ပါ့) ဒကာ ဒကာမတွေကလည်း ဆင်ခြေလဲနေဖို့လို သေးလား (မလိုပါဘူး)။ ခုနင်ကပြောခဲ့တဲ့ ပြုံးသေအလုပ်ကိုဖြင့် လုပ်ရတော့မယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ ရှင်းရှင်းလင်းလင်းပဲ မှတ်ရတော့မယ် (မှန်ပါ)။

## ပြုံးသေအလုပ်ကိုလုပ်ထားပါ

ပြုံးသေအလုပ်ဆိုတာ သွားရမည့်လမ်းခရီးကြီးကို တကယ်သိပြီးသကာလ ထားတဲ့အခါကျလို့ရှိရင်ဖြင့်၊ ဒကာ ဒကာမတို့ ပြုံးသေဆိုတဲ့ အဓိပ္ပါယ်ဟာလည်းရှင်းလို့၊ တစ်နေ့က လည်း ဒီအကြောင်း ဟောခဲ့ပြီးပါပြီ (မှန်ပါ့)။ မရှင်းသေးဘူးလား . . . (ရှင်းပါပြီ)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေသည် “ငါသည် မုချသေရမည် အချိန်ပိုင်းသာ လိုတော့သည်”ဆိုတာ လေးကို နှလုံးသွင်းကြပါ . . . (မှန်ပါ့)။

နှလုံးသွင်းလိုက်တဲ့အခါကျတော့ လားရာဂတိသိတဲ့ အလုပ်ကို. . . **နိဗ္ဗာန်အရဟာတောဂတိ**လို့ တစ်နေ့က ပြောခဲ့ တယ် နိဗ္ဗာန်သည်ရဟန္တာပုဂ္ဂိုလ်တို့၏လားရာဂတိလို့ ပြောခဲ့ တယ် (မှန်ပါ့)။ အဲဒီတော့ ဂတိမြဲအောင်ဒကာဒကာမတို့ နိဗ္ဗာန် မရသေးတောင်မှ သုဂတိရောက်အောင် သုဂတိကနေပြီး သကာလ အောက်သို့ပြန်မဆင်းဘဲနဲ့ နိဗ္ဗာန်ကူးအောင်လုပ်ဖို့ကို

ဖြင့်၊ သေခါနီးမှာ ရထားတွေက ခေါ်သလို နိဗ္ဗာန်ကို အာရုံပြု နိုင်သလိုထိအောင် ဒကာဒကာမတို့သည် ကြိုးစားရမှာဘဲ . . . (မှန်ပ့ါ)။

## အချိန်ပိုင်းအတွင်း ကြိုးစားကြပါ

ဒါဖြင့် အချိန်ပိုင်းအတွင်း ကြိုးစားရမှာပေါ့ (မှန်ပါ) ခင်ဗျားတို့က ဘာပဲလိုတော့သတုံး (အချိန်ပိုင်းပဲလိုပါတော့တယ်) ငါသည် မုချသေရမည်၊ အချိန်ပိုင်းသာလိုတော့သည် (မှန်ပါ)။

ဒါဖြင့် ဒီအချိန်ပိုင်းကလေး အတွင်းမှာဘဲ . . . ဒကာဒကာမတို့ ဘာလုပ်ရမှာတုံး . . . (ကြိုးစားရမှာပါ)။ ဦးခင်မောင်ရေ လားရာသိဖို့ ကြိုးစားရလိမ့်မယ် (မှန်ပ့ါ)။

ဒါဖြင့် ဘုန်းကြီးပြောနေကျစကားအတိုင်း ဒကာဒကာမတွေ သုံးစွဲရလို့ရှိရင်ဖြင့် "အသေကမဦးဘဲနဲ့ ဉာဏ်က ဦးအောင်လုပ်လိုက်ပါ" . . . (မှန်ပ့ါဘုရား) ခန္ဓာကိုယ် ကြီးဟာ တစ်ခါတည်း အသေဘက်ချည်း ကိုင်းနေပါတယ် (မှန်ပ့ါ) ဉာဏ်က ဒကာဒကာမတွေက မင်းကိုင်းတာတော့ ကိုင်းတာပေါ့ကွာ၊ တစ်ခါဘဲ အကိုင်းခံတော့မယ်ကွ၊ နောင်ကိုဖြင့် သေမင်း အခွန်ဆက်တဲ့အလုပ် မလုပ်တော့ပါဘူးဆိုတဲ့၊

မသေရာမှန် ပြည်နိဗ္ဗာန်ကို ဒကာဒကာမတွေ မရောက်ရောက်အောင် ကြိုးစားရတော့မယ် ဆိုတာ သဘောပါပလား . . . (ပါပါပြီ)။

## ကိုယ်သွားရာလမ်း သိအောင်လုပ်ပါ

မသေရာမှန် ပြည်နိဗ္ဗာန်ဆိုတာ တခြားမဟုတ်ပါဘူး၊ အားထုတ်လိုက်တဲ့ အခါကျလို့ရှိရင်ဖြင့်၊ နိဗ္ဗာန်မြင်တဲ့ အမြင်ရပြီးတဲ့ ပုဂ္ဂိုလ်ကျလို့ရှိရင်ဖြင့်၊ သောတာပန်အမြင်ဖြစ်ဖြစ် အပါယ်လေးပါး နိမိတ်တွေက မထင်လာပဲ၊ သုဂတိနိမိတ်တွေသာ ထင်လာပြီ ဦးခင်မောင်ရေ သွားရာလမ်းခရီးကြီးမှာလဲ . . . (မှန်ပ့ါ) သဘောကျကြပလား . . . (ကျပါပြီ) သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်တို့မှာလဲ ထို့အတူဘဲ၊ ကိုယ်သွားရာလမ်းကို ကိုယ်သိကြပါတယ်ဆိုတာ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘယ်ကလာကြသတုံး . . . မသိပါဘူး။ ဘယ်သွားကြမှာတုံးလို့ မေးရင်ကော . . . (မသိပါဘုရား) အဲဒါကိုတော့ သိအောင်လုပ်ရမယ်။ (မှန်ပ့ါ) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ဒကာဒကာမတို့၊ ခင်ဗျားတို့ ဘုန်းကြီးတို့ အားလုံးတရားနာကြတဲ့ သံဃာတော်တွေရော ဒကာဒကာမ

တွေရော ဘုန်းကြီးတို့ရော အချိန်ပိုင်းပဲ လိုကြပါတော့တယ် (မှန်ပါ့)။

ဘာလိုကြတော့သတုံး . . . (အချိန်ပိုင်းဘဲ လိုကြပါတော့တယ်ဘုရား)။

**ကိုယ့်ကိုယ်ကို ဆုံးမပါ**

အချိန်ပိုင်းဘဲ ဒကာဒကာမတွေ လိုကြတော့တယ် အိမ်မှာလဲ တစ်ဦးနဲ့တစ်ဦး စကားများကြတော့မယ်၊ ကတောက်ကဆ ဖြစ်ကြတော့မယ်ဆိုလို့ရှိရင်၊ အို . . . အချိန်ပိုင်းတင်လိုတဲ့ သေခါနီးက ဒီအပြောမျိုး ပြောရသလားလို့ ကိုယ့်ကိုယ်ကိုလည်း ဆုံးမပါ။ (မှန်ပါ့ဘုရား) အချိန်ပိုင်းလိုတဲ့ သေခါနီးတွေ မဟုတ်လားဗျာ. . . (မှန်ပါ့)။

အဲဒီတော့ တစ်ယောက်နဲ့ တစ်ယောက် ညီအကို မောင်နှမဖြစ်ဖြစ်၊ သားသမီးဖြစ်ဖြစ်၊ မအေမိဘနဲ့ဖြစ်စေ၊ ဆွေမျိုးညာတကာနဲ့ဖြစ်စေ၊ မိတ်သင်္ဂဟနဲ့ဖြစ်စေ၊ ကြမ်းကြမ်းတမ်းတမ်း ပြောမယ်ဆိုမယ်လို့ ကြည့်လိုက်လို့ရှိရင် ခုနင်က ဟာကလေးကို "ငါသည် မုချသေရမည် အချိန်ပိုင်းသာလိုတော့သည်" အချိန်ပိုင်းလိုတယ်ဆိုတာ သေခါနီးပြောတာ (မှန်ပါ့)။

အချိန်ပိုင်းလိုတယ်ဆိုတာ ဘာပါလိမ့် (သေခါနီးပြောတာပါဘုရား)။

## သေခါနီးတွေ

သေခါနီးဆိုလို့ရှိရင်ဖြင့် ဒကာဒကာမတို့ ကျုပ်တို့ခင်ဗျားတို့သည်၊ လောဘဒေါသမောဟ သိမ်းပြီးသကာလ သွားရာလမ်း ခရီးသိဖို့ရာ အလုပ်ကိုသာ အရေးတကြီးလုပ်ပါတော့ (မှန်ပါ့)။

အခုဒကာဒကာမတွေကို ရှေ့ပိုင်းမှာ ဘုန်းကြီးဆုံးမချင်တာက သေကံနီးတွေက သေကံဝေးလို နေကာခက်တယ် (မှန်ပါ့)။

ဘာခက်နေပါလိမ့် (သေကံနီးတွေက သေကံဝေးလိုနေတာခက်ပါတယ်ဘုရား)။

အသက်အတိုင်း နေရလို့ရှိရင် ဦးခင်မောင်နဲ့ ဦးခင်မောင် သားနဲ့ဆိုလို့ရှိရင်ဖြင့် ဦးခင်မောင်က သေကံနီး။ သားက . . . (သေကံဝေးပါဘုရား)။

ဘယ့်နှယ်ကြောင့် ဦးခင်မောင်ကြီးတို့ သူတော်ကောင်းအလုပ်မလုပ်နိုင်ပါလိမ့်မလဲ၊ မောင်ကိုတို့ မလုပ်နိုင်ပါလိမ့်မလဲ . . . တွင်တွင်ကျယ်ကျယ် မလုပ်ပါလိမ့်မတုံးလို့ မေးလိုက်တဲ့

အခါကျ တော့ လက်ညှိုးထိုးပြတာက သေက်ဝေးကို ထိုးပြတယ် (မှန်ပ့ါ)။

## သေက်ဝေးကို ငဲ့နေတာ

ဒါဖြင့် ဒကာဒကာမတို့ သေက်ဝေးဆိုတဲ့ဥစ္စာ အသက်အတိုင်းနေရင် သူကဝေးပါလိမ့်မယ်။ အသက်တမ်းအတိုင်းနေခဲ့ ရလို့ရှိရင်ပေ့ါဗျာ . . (မှန်ပ့ါ) အဲဒါကို သေက်နီးတွေက ပြန်ငဲ့ပြီး သကာလ နေတာသည် အမိုက်တစ်မျိုးပိုတာပဲလို့ ဆိုလို့ရှိရင်လဲ မလွဲပါဘူး (မလွဲပါဘူးဘုရား)။

ဘယ်လိုဆိုကြပ့ါမယ် (အမိုက်တစ်မျိုးပိုတာပါဘုရား) အမိုက်တစ်မျိုးပိုတယ်လို့ ဒကာ ဒကာမတွေကို ဆိုလိုက်လို့ မနာပါနဲ့ (မှန်ပါ) ဘာ့ကြောင့်တုံးဆိုတော့ ကိုယ်က အသက်အတိုင်းနေတော့ သေက်ကနီးတယ်၊ သေက်ကနီးတယ်ဆိုတာ ယုံမှားသံသယရှိစရာ လိုသေးသလား (မလိုပါဘူး) သားငယ်၊ သမီးငယ်၊ မြေးငယ်တွေကတော့ အစဉ်အတိုင်းသာ ကျုပ်တို့ အတိုင်းသာ နေသွားရမယ် ဆိုလို့ရှိရင် သူတို့က သေက်ဝေးနိုင်ပါသေးတယ် (မှန်ပ့ါ) အခု ဒကာဒကာမတွေ ကိုယ့်အလုပ် မလုပ်နိုင်တာဟာ သေက်နီးတွေက ကိုယ့်အလုပ်မလုပ်နိုင်တာ ဟာ သေက်ဝေးငဲ့နေလို့ . . . (မှန်ပ့ါ) ကြားလို့မှ ကောင်းနိုင်

စရာရှိကြရဲ့လား . . . (မရှိပါဘူးဘုရား)။

ကိုယ်ဟာကိုယ် မရှက်ရင်လဲ မပြောတတ်ပါဘူးပေါ့ဗျာ။ ရှက်မယ်ဆိုလို့ရှိရင်ဖြင့် အို . . . သေကာနီးက သေကာဝေးတွေ ငဲ့နေလို့၊ သေကာနီးတို့ လုပ်ရမည့်အလုပ်ကို မလုပ်ဘူး၊ အသေလွတ်တဲ့ အလုပ်ကို မလုပ်ဘူးဟော့ဆိုတဲ့ဥစ္စာ ဦးဝတို့ မောင်ကိုတို့ အတော်လွဲပါလား . . . (လွဲပါတယ် ဘုရား)။

ဒါကြောင့် ဘုန်းကြီးက ဥပမာပြောရတယ်၊ ကိုယ်ကတော့ဖြင့် မရဏရေတွင်နစ်လို့၊ မရဏဆိုတဲ့ ရေတွေနစ်လို့ ပါးနား ရောက်နေပြီ။ (မှန်ပါ့) ကလေးသူငယ် ကိုယ်မွေးထားတဲ့ ကလေး သူငယ်တူသား နောင်မယ်တွေက ကုန်းပေါ်က နေတယ်။ ကိုယ်က ရေထဲနစ်နေလို့ ပါးစပ်နားတောင် ရေဝင်တော့မယ်။ ပါးစပ်ရေဝင် ရင် သေကာမနီးသေးဘူးလား . . . (နီးပါတယ်)။

## ရေနစ်နေတဲ့သူက စိတ်မချပြစ်နေတယ်

ဒီမှာလဲ ခင်ဗျားတို့ နေခဲ့ရတာ ကြာလို့ မရဏရေ တွေက လွှမ်းမိုး လွှမ်းမိုးလာလို့၊ တစ်နေ့ထက် တစ်နေ့ မရဏရေ တွေကြောင့် သေခါနီးဖြစ်လို့ ပါးစပ်နားရောက်ပြီး ရေဝင်လုပါပြီ . . . (မှန်ပါ့) ဦးခင်မောင် မဝင်လုသေးဘူးလား . . .

(ဝင်လုပါပြီ) အဲဒီရေနစ် နေတဲ့ပါးစပ်နား ရောက်နေတဲ့လူက၊ ကုန်းပေါ်က လူအတွက် စိတ်မချလို့ကျုပ်ဖြင့် အခက်ကြီးခက်ပေါ့လို့၊ ကုန်းပေါ်ကလူတွေများ ကြည့်ပြီးသကာလ အသံကုန်ဟစ်ပြီး အော်ပြောနေကြမယ်ဆိုရင် ရေထဲကလူ အရှုံးဖြစ်လိမ့်မယ် (မှန်ပါ့) ကိုယ့်အသေ လွတ်တော့ ကိုယ်ရှာတာမဟုတ်ပဲနဲ့၊ ကုန်းပေါ်ကသေကံ ဝေးတွေအတွက် ကြည့်ပြီးသကာလ စကားပြောနေတယ်ဆိုကတည်းက ဦးခင်မောင်ရေထဲကလူ အရှုံး . . . (မှန်ပါ့)။

ဘယ့်နှယ့်ဆိုကြပါ့မလဲ . . . (ရေထဲကလူ အရှုံးပါဘုရား)။

ကိုယ့်အရေးကို လွတ်အောင်ရုန်းဖို့ရာက အရေးမကြီးဘူးလား (မှန်ပါ့) ကုန်းပေါ်မှာ လွတ်နေတဲ့ကလေးတွေကအင်မတန်မှ သူတို့မှာ ချမ်းသာကျန်းမာပြီးသကာလ၊ သူတို့သွားလိုရာသွား လာလိုရာလာ၊ ကိုယ့်မှာဖြင့် ရေနစ်နေလို့ပါးစပ်ထဲတောင် ရေဝင်လုပါပြီ။ ဒါတောင် ကုန်းပေါ်လူတွေတော့ အော်တုန်းဟစ်တုန်း၊ စိုးရိမ်တုန်းကြောင့်ကြတုန်း၊ ဗျာပါရတွေ ဖြစ်တုန်းဆိုလို့ရှိရင်ဖြင့်၊ ဩော် သေကံဝေးတွေအတွက်သေကံနီးက ဗျာများနေလိုက်တာလို့ ဆိုလိုက်မြည် လိုက်လို့ရှိရင်၊ ဒကာမတို့ ဦးခင်မောင်တို့ မောင်ကိုတို့ နာစရာမလိုပါဘူး

(မလိုပါဘူးဘုရား) ကိုယ်မိုက်တာပေါ် လာတယ် (မှန်ပ့ါဘုရား) မပေါ်ကြဘူးလား (ပေါ်ပါတယ်ဘုရား) သေကံနီးက ဘာငွဲနေသတုံး . . (သေကံဝေးငွဲနေပါတယ်) သေကံနီးက သေကံ ဝေးငွဲနေတယ် (မှန်ပ့ါ)။

## မိုက်တဲ့အပေါ် အရှုံးပိုသေးတယ်

သူကတော့ ရေနစ်လို့ ပါးစပ်ထဲ ရေဝင်လုနေပြီနော် (မှန်ပ့ါ) ကုန်းပေါ်က ကလေးတွေအတွက် သူသည်ကားလို့ ဆိုရင် စိုးရိမ်နေတယ်၊ ကြောင့်ကြနေတယ်၊ သူတို့အတွက် ကျုပ်စိတ်မချဘူးလို့များပြောနေမယ်ဆိုရင်၊ ဦးခင်မောင်ရေ ရေထဲကလူဟာ မိုက်တဲ့ အပေါ် အရှုံးပိုသေးတယ် (မှန်ပ့ါ) ဆိုထိုက်မဆိုထိုက် . . . (ဆို ထိုက်ပါတယ်ဘုရား)။

ခင်ဗျားတို့ကတော့ သုံးတော့သုံးမှာပဲ၊ တဏှာက ခင်ဗျားတို့ ဝမ်းထဲမှာ ရှေ့နေအဖြစ်နဲ့ ရှိနေတယ် (မှန်ပါ) တဏှာက ခင်ဗျားတို့ ဝမ်းထဲမှာ ရှေ့နေလိုက်နေတယ်၊ မင်းမွေးထားတာ မင်းမပြု ဘယ်သူ ပြုမလဲတဲ့ (မှန်ပ့ါ) တဏှာက မင်းမွေးတာ မင်းမပြု ဘယ်သူပြုမတုံး။ မင်းတည်ထောင်ထားတာတွေ မဟုတ်ဘူးလားတဲ့ (မှန်ပ့ါ) မင်းသာသေသွားလို့ရှိရင် ဒါတွေဝါးစည်း ဖြေလိုက်သလို ကစင့်ကရဲ မဖြစ်ပေ

ဘူးလား . . . တဲ့။ အဲတာတဏှာက ဝင်နှံ့နေတယ် (မှန်ပါ့)။

ဘုန်းကြီးကသာ အခုသေကံနီးက သေကံဝေးတွေ အတွက် ပူနေတယ်လို့ ဘုန်းကြီးပြောတော့သာ တရားက မှန်နေတာ၊ အိမ်ကျတော့ ခင်ဗျားတို့က ဘုန်းကြီးပြောတာလဲ ဟုတ်ပါရဲ့၊ ငါ့ဟာ ငါလဲ စွဲလမ်းရဦးမယ် . . .။ မလာပေဘူး လား . . . (လာပါတယ်) အင်း . . . ဒါဘယ်သူကဝင်ပြီး တရားဟောမယ်ထင်သတုံး (တဏှာ က ဟောပါတယ်)။

ကဲ . . ဒါဖြင့် ဘုန်းကြီးကတော့ ဒီလာတဲ့အခါမှာ တဏှာ အကြောင်းပြောနေတာ၊ တဏှာက အိမ်စောင့်သူကြီး ဖြစ်နေတော့ ခင်ဗျားတို့ ဟိုဘက်ပါမှာပါဘဲ . . . ဘုန်းကြီးက အရှုံးပေးရပုံ ရပါတယ် (မှန်ပါ့) အတော်ဆိုးနေပါလား။ ဒကာဒကာမတို့ (ဆိုးပါတယ်ဘုရား)။

## လိမ္မာတာလား မိုက်တာလား?

အဲဒါ အိမ်ကျတော့ ငါလိမ္မာတာလား . . ငါမိုက်တာ လား ဆိုတာ ဦးခင်မောင်ရေ နဖူးပေါ် လက်တင် စဉ်းစားစမ်း ပါ (မှန်ပါ့) ဒီလူအုပ်တွေနဲ့ ရှေ့စားဖို့ သောက်ဖို့နဲ့ ဒီငွေရှာမှုနဲ့ ဒီအရောင်းအဝယ်ကြီးပျက်မှုနဲ့ဖြင့် ငါဖြင့် အိပ်တောင် မပျော်ဘူးကွာ ခက်လိုက် တာဆိုတော့ ဩော် . . . သေကံနီး

က အရှုးသံထွက်လာပြန်ပြီ . . . (မှန်ပါ)။

ဘယ့်နှယ်ဆိုကြမလဲ . . . (သေကံနီးက အရှူးသံထွက်လာပါတယ်ဘုရား) သေလဲသေကံနီးသေးတယ်၊ အရှူးသံလဲထွက် သေးတယ်ဆိုတော့ အရှူးမသာချဖို့ရာဖြင့် အတော်နီးနေပြီ . . . (နီးနေပါပြီဘုရား) ဘာမသာတွေဖြစ်ကုန်ပလဲ . . . (အရှူးမသာတွေ ပါဘုရား)။

မကောင်းပါဘူးဗျာ ခင်ဗျားတို့ဟာက မသာဆိုတာလဲ အသုဘ၊ ဒီအထဲက အသုဘပေါ်မှာလဲ အရှူးက ထပ်နေပြန်တော့ အရှူးမသာဖြစ်နေတယ် (မှန်ပါ)။ ဦးခင်မောင်ကောင်းသေးရဲ့လား . . . (မကောင်းပါဘူး)။

အရှူးလဲဖြစ်ရပြန် သေတော့လဲ မသာဖြစ်ရမှာပေါ့ဗျာ . . (မှန်ပါ) အဲဒီတော့ အရှူးမသာဆိုတော့ လူပို့လို့မှ ကောင်းနိုင်စရာ ရှိရဲ့လား . . . (မရှိပါဘူး) ဦးခင်မောင် အရှူးမသာများ ခင်ဗျား ပို့ချင်သေးသလား . . . (မပို့ချင်ပါဘူးဘုရား) ဟုတ်ကဲ့လား . . . ။ ကြပ်ကြပ်စဉ်းစားကြစမ်းပါဟ ဒကာမတို့။ အရှူးမသာနဲ့ အကောင်း မသာနဲ့ ဘယ်ဟာကများသတုံး (အရှူးမသာကများပါတယ်) ဒါ မပို့ချင်ဘူးတဲ့ ဦးခင်မောင်ကြီးက၊ သူပို့ခဲ့တဲ့ မသာတွေ ဘာမသာတွေ ပါလိမ့် (အရှူးမသာတွေကများပါတယ်) သဘောပါကြပလား(ပါပါပြီ)။

ကိုင်း ဒါဖြင့် ဒကာဒကာမတို့ ဒီဟာတွေက ရှေ့ပိုင်းက နေပြီး ဒကာဒကာမတွေ ဆရာဘုန်းကြီးဟောတာ၊ အိမ်ကျလို့ရှိ ရင် တဏှာ တရားဟော ဆရာက ဖျက်လိမ့်မယ်ဆိုတာ သတိ ပေးလိုက်တယ် (မှန်ပ့ါ)။

## ဆရာဘုန်းကြီးက အမှန်ကိုပြောတာ

ဆရာဘုန်းကြီးနဲ့တကွ အားလုံးသော မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော် တာဝန်ဆောင်ပြီးသကာလ လာတဲ့ ပုဂ္ဂိုလ်တွေက၊ ဒကာတို့ ဒကာမတို့ ကိုအမှန်ပြောတာ (မှန်ပ့ါ) ခင်ဗျားတို့ကို တဏှာကပြောတာ အင်မတန် ကောက်ကျစ် တဲ့စကား (မှန်ပ့ါ)။

တဏှာကပြောတာက . . . (အင်မတန် ကောက်ကျစ် တဲ့ စကားပါဘုရား) ဘုရားနဲ့တကွ တပည့်သာဝကတွေက ပြောတာတော့ဖြင့် (အမှန်ပြောတာပါဘုရား) အမှန်တရားကို ဒီကနေပြီး လက်နဲ့ရေးရင်၊ တဏှာက ဟိုကျတော့ အိမ်ကျရင် ခြေနဲ့ ဖျက် လိမ့်မယ်။ အဲဒါ ကြပ်ကြပ်သတိထားစမ်းပါ (မှန်ပ့ါ) ဖျက်လိမ့်မယ်နော်။ အိမ်ရောက်သည်နဲ့ တစ်ပြိုင်နက်တည်း မော်တော်ကားပေါ်က ဆင်းကြ၊ မြင်းရထားပေါ်က ဆင်းကြ၊ ဆင်းကြသည်နဲ့ တစ်ပြိုင်နက်တည်း ဘယ်သူတွေ အိပ်နေတာ ဘယ်သူ့ခေါင်းကလေး သွားစမ်းလိုစမ်း . . . လုပ်ကုန်ပြီ

ခင်ဗျားတို့ဟာ (မှန်ပါ့) ချောင်းဆိုးသံ ကလေးက မကောင်း သေးပါဘူးဆိုပြီး၊ ဟိုနားသွား ဒီနားသွား ဘာလုပ်တာတုံးလို့ မေးလိုက်တော့၊ ဒီကလက်နဲ့ရေးလိုက်တာ ဟိုမှာတဏှာခြေနဲ့ ဖျက်လိုက်တာ . . . ဟိုမှာ တဏှာခြေနဲ့ ဖျက်လိုက်တာ . . . (မှန်ပါ့ဘုရား) နှလုံးကို မသွင်းမိတော့ဘူး . . . ။ ကျုပ်ဖြင့် ထိတ်ကနဲ ပြာကနဲသွားတာပဲ . . . ။ ဦးခင်မောင် ဒီဘက် လှည့် မသွားဘူးလား . . . (သွားပါတယ်ဘုရား) တဏှာသည်ကား လို့ဆိုရင် ဒုက္ခသစ္စာကို ပေးတတ်တယ်။ ထိတ်အောင် ပြာအောင် ပေးတတ်တယ်တဲ့ အလုပ်ဟာဘယ်သူ့အလုပ် ပါလိမ့် (တဏှာ၏ အလုပ်ပါဘုရား)။

ရှင်းအောင်လင်းအောင်ချမ်းသာအောင်ပေးတဲ့ အလုပ် ကတော့ဖြင့် ဆရာသမားနဲ့တကွ ဘုရားဟောတော်မူတဲ့ပညာ စခမ်းတွေပေါ့ဗျာ (မှန်ပါ)။ အဲဒီတော့ပညာ စခမ်းကအမှန် ပြောသော်ငြားလည်း၊ တဏှာစခန်းကထိတ်အောင်လုပ်တာကို ခင်ဗျားတို့က သူ့ဘက် လိုက်လိုက်သွားတာ တယ်နာတယ်ဗျာ (မှန်ပါ) တဏှာကတော့ ဘာလုပ်တတ်ပါလိမ့် (ထိတ်အောင် ပြာအောင် လုပ်ပေးပါတယ်ဘုရား)။ ထိတ်အောင်လန့်အောင် လုပ်တဲ့လူ (မှန်ပါ)။ ဉာဏ် ကတော့ဖြင့် ရှင်းအောင်လင်းအောင် (လုပ်တတ်ပါတယ်ဘုရား)။

## ဉာဏ်နဲ့အိမ်ပေါ်တက်ပါ

အဲဒီတော့ ဉာဏ်နောက်ကိုလိုက်မှ မိမိတို့ချမ်းသာကြမယ် (မှန်ပါ) ဉာဏ်နောက်ကိုလိုက်ရင်ဖြင့် (ချမ်းသာမှာပါဘုရား)။

အဲဒီတော့ အိမ်အတက်ကျတော့စဉ်းစား။ ဖြူးကနဲ အိမ်ပေါ် မတက်လိုက်နဲ့အုံး ဘုန်းကြီးကမှာလိုက်တယ်၊ ဉာဏ်နဲ့ အိမ်ပေါ်တက်ပါ။ တဏှာနဲ့အိမ်ပေါ်မတက်ပါနဲ့ . . . (မှန်ပါ့)။

ဦးခင်မောင်ဘယ်လိုမှာပါလိမ့်ဗျာ . . . (ဉာဏ်နဲ့အိမ်ပေါ်တက်ပါ၊ တဏှာနဲ့အိမ်ပေါ်မတက်ပါနဲ့)။

အဲ . . . လှမ်းတဲ့စိတ်ကလေးသည်ကားလို့ဆိုရင်ဖြစ်ပြီးပျက်တာပဲ၊ ကြွတဲ့စိတ်ကလေးကော (ဖြစ်ပြီးပျက်ပါတယ်) ခြေချတဲ့စိတ်ကလေးကော (ဖြစ်ပြီးပျက်ပါတယ်)။ အဲ စိတ်ကလေးတွေ ဖောက်ပြန်မှုကို ရှုချင်ရှု၊ ရုပ်ကလေးတွေ ဖောက်ပြန်မှုကို ရှုချင်ရှု၊ ရှုပြီးသကာလ အဲဒီလိုဉာဏ်နဲ့ တက်သွားပါ (မှန်ပါ့) ဘယ်သူက ပြန်မလာသေးဘူးလား၊ တို့တောင်ပြန်လာပြီ ဘယ်သွားမှန်း မသိဘူး အဲဒါအခက်ဆုံးပဲလို့ လုပ်မနေနဲ့ဦး . . . (မှန်ပါ) ရိပ်မိပလား (ရိပ်မိပါပြီ)။

ခင်ဗျားတို့ ပုတီးမစိပ်ကောင်းတာကို ကြံဖန်စိပ်တယ် (မှန်ပါ)။ ဦးခင်မောင်စိပ်ဖူးသလား (စိပ်ဖူးပါတယ်ဘုရား)။

ကိုင်းဒါဖြင့် အိမ်တက်နည်းကော တက်တတ်ကြပလား (တက်တတ်ကြပါပြီဘုရား) ဒီကပြန်တဲ့အခါကျလို့ရှိရင်ဖြင့် သေခါနီး တက်တက်ကြစမ်းပါ။ သေကံဝေးတွေအတွက် ထည့်ပြီးမစဉ်း စားကြစမ်းပါနဲ့ . . . (မှန်ပါ့)။

## ငါသေတော့မယ် မြန်မြန်လုပ်မှ

ဘယ်လိုတက်ရမယ် . . (သေကံနီးတက်ရပါမယ်) သေကံနီးတယ်ဆိုတာ ငါသေတော့မယ်မြန်မြန်လုပ်မှ ကိုယ့်အရေးကိုယ်ဆိုပြီး၊ ငါသည်ဘယ်အခါကာလမှ သတိပဋ္ဌာန်ကို အလွတ်မခံဘူးဆိုပြီး သေခါနီးတက်တက်ကြစမ်းပါ (မှန်ပါ့) ဒီအတိုင်းတက်လို့ရှိရင် သေကံဝေးတက် တက်တဲ့အမိပ္ပါယ် ရောက်ပါလိမ့်မယ် (မှန်ပါ့) သေကံဝေးတွေအတွက် စဉ်းစားတက်သွားလို့ရှိရင် ငါးပါးမှောက်မှာစိုးလို့ . . . (မှန်ပါ့)။

ကဲဆုံးမတာဖြင့်တော်တော်စေ့ပြီမဟုတ်လား . . . (မှန်ပါ)။

## သူတော်ကောင်းအလုပ် မြန်မြန်လုပ်ပါ

ကိုင်းဒကာဒကာမတွေ "ငါသည်မုချသေရမည် အချိန်ပိုင်းသာလိုတော့သည်" ဆိုတာကိုလည်းညည၌ နှလုံး

သွင်းပြီးသကာလ တစ်ခါတည်း မြန်မြန်လုပ်ပစ်ပါနော် . . . (မှန်ပါ)။ သူတော်ကောင်း အလုပ်ကို မြန်မြန်လုပ်ပါ (မှန်ပါ)။

ကိုင်းသူတော်ကောင်း အလုပ်လုပ်တဲ့အခါကျလို့ ရှိရင်ဖြင့် ရဟန္တာကြီးလေးပါး နိဗ္ဗာန်မြင်ပုံကိုယနေ့ရှင်းပြပါမယ် (မှန်ပါ့)။

ရဟန္တာကြီးလေးပါး နိဗ္ဗာန်မြင်ပုံကို၊ သဠာယတန ဝဂ္ဂသုတ် ပါဠိတော်မှာလာတဲ့၊ ကိံသုကောပမသုတ်ကို ဦးခင်မောင် ဟောပါလိမ့်မယ် (မှန်ပါ့ဘုရား) ကိံသုကောပမ သုတ်ဆိုတဲ့ဥစ္စာက ပေါက်ပင်အကြောင်း အရင်းခံပြီးသကာလ ဟောမည့်သုတ်ဆိုတာမှတ်ကြပါတော့ (မှန်ပါ့)။

## အလုပ်ကိုလုပ်ကြပါစို့

ကိုင်း ဒကာဒကာမတို့ ဘယ်ကလာခဲ့တာ ကျုပ် မသိခဲ့လို့ ရှိရင်ဖြင့်၊ သွားရာသိတဲ့အလုပ်ကို လုပ်ကြပါစို့ဆိုတော့ ဒီဝတ္ထုနဲ့အလုပ် လုပ်ရလိမ့်မယ်။

ဘုရားလက်ထက်တော်ကရဟန်းတစ်ပါးက နိဗ္ဗာန်ကို တယ်မြင်ချင်တယ်၊ တယ်ပြီးရချင်တယ် ဒကာဝ (မှန်ပါ့) နိဗ္ဗာန်ရောက်ချင်တော့ သူ့စိတ်ထဲမှာ သူများမြင်ပုံ၊ သူများ ဝိပဿနာတက်ပုံ၊ သူများ ဝိပဿနာတက်ပြီးသကာလ

ဝိပဿနာအဆုံးမှာ နိဗ္ဗာန်ကိုမဂ်ဉာဏ်နဲ့မြင်ပုံ၊ ဒါတွေသူ့စိတ်ထဲမှာ အင်မတန်ရချင်တဲ့ ပုဂ္ဂိုလ်ဆိုတော့ ဦးခင်မောင်သူတော်ကောင်းပေါ့ဗျာ (မှန်ပါ့)။ ဒီသူတော်ကောင်းဖြစ်တဲ့ရဟန်းကမေးတယ်၊ သို့သော်သူက ပုထုဇဉ်ဖြစ်ပြီးသကာလနေတော့ ဒကာဝတို့ မောင်ကိုတို့ ပုထုဇဉ်များလှျာရှည်တယ်ဆိုတဲ့ အဓိပ္ပါယ်မျိုးကလေးတော့ မှတ်ထားလိုက်ဦးပေါ့ (မှန်ပါ့)။

## ရဟန္တာကြီးလေးပါး

ဒါနဲ့ရဟန္တာကြီးလေးပါးကလည်းရှိတယ်။ ရဟန္တာကြီးလေးပါးက ကိစ္စပြီးပြီးသားကိုယ်တော်တွေ (မှန်ပါ့)။ သို့သော်သူတို့တက်လာတဲ့ လမ်းစဉ်ချင်းကတော့ ပုထုဇဉ်အနေနဲ့ကြည့်ရင်တော့ မတူဘူးလို့ထင်ရတယ်ပေါ့ဗျာ . . . (မှန်ပါ) ရဟန္တာအနေနဲ့ဖြင့် ဒီလမ်းနဲ့ ဒီစခမ်းဟာအတူတူပဲဆိုတာ ပေါ်လာပါလိမ့်မယ်နော်. . . (မှန်ပါ့)။

ဒါနဲ့ပုထုဇဉ်ရဟန်းက ပထမရဟန္တာကြီးထံသွားပြီးမေးတယ်၊ အရှင်ဘုရား ဝိပဿနာဉာဏ်ကနေပြီး နိဗ္ဗာန်တက်ပုံကလေးကို တပည့်တော်ကိုအမိန့်ရှိပါ၊ အရှင်ဘုရားများကတော့ ကိုယ်တိုင်မြင်ပြီး ကိုယ်တိုင်တက်ခဲ့တာဖြစ်သောကြောင့် တပည့်

တော်အား သနားသောအားဖြင့် အရှင်ဘုရားတို့ အမြင်မှန်ကလေးကို တပည့်တော်ကို အမိန့်ရှိတော်မူပါတဲ့ . . . (မှန်ပါ)။

## အမြင်မှန်ရအောင်လုပ်ထားပါ

ဘာတောင်းတာပါလိမ့် (အမြင်မှန်တောင်းတာပါဘုရား) ယနေ့ဖြင့်ဘုန်းကြီးတို့ဒကာဒကာမတွေ အမြင်မှန်တရားကိုဖြင့် မြင်ရတော့မယ်ဆိုတဲ့ဥစ္စာ မှတ်ရလိမ့်မယ်နော် (မှန်ပါ)။ ရှင်တဲ့အခါမှာ အမြင်မှန်ရမှသာလျှင် သေတဲ့အခါမှာလဲအမြင်မှန်ရမယ်(မှန်ပါ) နို့မဟုတ်ရင် ကြောက်ကာလန့်ကာနဲ့ ဟိုနိမိတ်ကလာထိုးပြလိုက်၊ ဒီနိမိတ်ကလာ ထိုးပြလိုက်နဲ့ အမြင်မှန်ကိုမရနိုင်ပဲဖြစ်ပြီးသကာလ နေပါတယ် (မှန်ပါ)။

ဒါကြောင့်ဘုန်းကြီးတို့ ဒကာဒကာမတွေ ယနေ့သည်ကားလို့ဆိုလို့ရှိရင်ဖြင့် အမြင်မှန်တရားကို ပေါလိမ့်မယ်လို့ မှတ်ကြပါ (မှန်ပါ)။

## ဘယ်လိုအမြင်မျိုးလဲ

ကဲ. . . ဒီမှာပုံစံကြည့်ပါ၊ ဟောဒီဘက်ကဖြူဖြူကလေးက ပုထုဇဉ်၊ ဒီဘက်ကလေးခုကတော့ ရဟန္တာကြီးလေးပါးလို့

မှတ်ထားလိုက်တာပေါ့ (မှန်ပါ့)။ သူကမေးလိုက်တယ် အရှင်ဘုရားတို့ အရှင်ဘုရားတို့ ဝိပဿနာဉာဏ်ကနေပြီး၊ နိဗ္ဗာန်ကို မြင်တဲ့နေရာဌာနမှာ ဘယ်လိုမြင်တဲ့အမြင်သည် အမြင်မှန် ဖြစ်ပါလိမ့်မလဲ၊ တပည့်တော်တို့ အဲဒီအမြင်မှန်ကြီးကို လိုက်ချင်ပါတယ် (မှန်ပါ့)။

ဦးဇံရင် ဘာလိုက်ချင်တာတုံး . . . (အမြင်မှန်လိုက်ချင်တာပါဘုရား) ဒါဖြင့်တရားတစ်ပွဲလုံးသာ မှတ်ကြပေတော့ ဒကာ ဒကာမတို့၊ အမြင်မှန်ကိုဖြင့် သေသေချာချာဖြင့် ပုထုဇဉ်ရဟန်းကမေးပြီ(မှန်ပါ)။ ဒကာဒကာမတွေကလည်း ဒီအတိုင်းမှတ်မိလို့ရှိရင်၊ ဘာအမှန်ကိုရမယ်ဆိုတာလဲ ရှင်းပါလိမ့်မယ် (အမြင်မှန်ပဲ ရပါလိမ့်မယ်ဘုရား)။

## ပထမရဟန္တာကြီး

အဲဒီမှာ ပါဠိလိုမေးလိုက်တော့ **"ကိံ ပဿာဝတာနုခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံ ဟောတိ"** ဘယ်လို အမြင်သည် အမြင်မှန်ဖြစ်ပါလိမ့်မလဲလို့မေးတော့၊ ပထမ ရဟန္တာကြီးက ဦးခင်မောင် ဖြေလိုက်တယ်။

## အာယတန ခြောက်ပါး၏ဖြစ်ပျက်

"ယတောခေါ အာဝုသောဘိက္ခု ဆန္နံဖဿာယတနာနံ သမုဒယဉ္စအတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ" အာယတန ခြောက်ပါးဖြစ်ပျက်ကိုမြင်လို့ရှိရင် အမြင်မှန်ရပါတယ်တဲ့ (မှန်ပါ့)။

ဘာတုံးဒကာဒကာမတို့ (အာယတနခြောက်ပါး၏ဖြစ်ပျက်ကိုမြင်လို့ရှိရင် အမြင်မှန်ရပါတယ်ဘုရား)။

ဒါက သဠာယတနသံယုတ်ပါဠိတော်၊ သတိပဋ္ဌာန်နဲ့ ဝေဖန်လိုက်တော့ ခန္ဓာငါးပါးထဲကတစ်ပါးပါးကိုပဲ ဖြစ်ပျက်မြင်လို့ရှိရင် အမြင်မှန်ရပါတယ် (မှန်ပါ့) ဒါသတိပဋ္ဌာန်နဲ့ ကြည့်လိုက်တာနော်. . . (မှန်ပါ့) ဟိုကတော့ ဆန္နံဖဿာယတနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ အာယတန ခြောက်ပါး၏ဖြစ်ခြင်းကိုငင်း ချုပ်ခြင်းကိုငင်း ဆိုတော့၊ အာယတနလို့သာဆိုတာ ဦးခင်မောင်ရဲ့ဖြစ်ပျက်မြင်ဖို့သာ အရေးကြီးတယ် ပြောလိုက်တာ . . . (မှန်ပါ့)။

ဘာလို့ဆိုပါလိမ့် (ဖြစ်ပျက်မြင်ဖို့ အရေးကြီးပါတယ်ဘုရား) အာယတနခြောက်ပါးတော့ဆိုတာပဲ၊ သို့သော်လဲ နောက်ဆုံးပိတ်ဖြစ်ပျက်မြင်ရမှာလား အာယတနကခြောက်ပါးမြင်ရမှာလား (ဖြစ်ပျက်မြင်ရမှာပါ)။

ပါဠိတော်ကိုကြည့်ပါ။ ဆန္နံဖဿာယတနာနံ သမုဒယဉ္စ

အတ္တုက်မဥ္စ . . . တဲ့ (မှန်ပါ့)။ သမုဒယဉ္စ-ဖြစ်မှုကိုင်း၊ အတ္တုက်မဉ္စ-ချုပ်မှုကိုင်း၊ ယထာဘူတံ-ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ - သိ၏ . . .။ ဇွေ့ောဝတာ ခေါ် အာဝုသောဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံဟောတိ . . . အာယတန ခြောက်ပါးထဲက သတိပဋ္ဌာန်နည်းနဲ့ ပြောကြစို့ဆိုရင် တစ်ပါးပါးရဲ့ ဖြစ်ပျက်မြင်ရင် အမြင်မှန်ရပေါ့ (မှန်ပါ့)။

## ဖြစ်ပျက်မြင်ရင် အမြင်မှန်

ဖြစ်ပျက်မြင်ရင် . . . (အမြင်မှန်ရပါပြီ)၊ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ခန္ဓာကိုယ်ကြည့်ပါ ဆိုတော့လဲ တစ်ပါးပါးနဲ့တော့ သူတိုးရတော့မယ် (မှန်ပါ့) ယားတယ် ယံတယ်ဆိုရင် ဝေဒနာက္ခန္ဓာနဲ့ တိုးမယ်။ သိတယ်ဆိုရင် စိတ်နဲ့ ဝိညာဏက္ခန္ဓာနဲ့ မတိုးပေဘူးလား (တိုးပါတယ်) လှုပ်တယ် ရှားတယ်ဆိုရင် ဝါယောဆိုတဲ့ ရုပ်တွေနဲ့ မတိုးပေဘူးလား (တိုးပါတယ်)။ မှတ်တယ် သားတယ် ဆိုရင်ဖြင့် သညာက္ခန္ဓာနဲ့ မတိုးပေဘူးလား . . . (တိုးပါတယ်)။အဲဒီကဲ့သို့ ခန္ဓာထဲက တစ်ခုခုနဲ့တိုးရမှာ ဖြစ်နေတော့ကိုးတဲ့ ခန္ဓာကို ဒါကလေးဟာက ဖြစ်တယ်၊ ဒါကလေးဟာပျက်သွားပြီလို့ ဒကာ ဒကာမတွေက ဤကဲ့သို့မြင်ရင် အမြင်မှန်ပဲတဲ့ (မှန်ပါ) သဘောကျပလား

(ကျပါပြီဘုရား) ဒီဥစ္စာ ဘယ်သူက ဖြေပါလိမ့်မတုံးဆိုတော့ ဒကာ ဒကာမတို့ ပထမရဟန္တာကြီးကဖြေလိုက်တယ် (မှန်ပါ)။

"ယတော ခေါ အာဝုသော ဘိက္ခု ဆန္နံ ဖဿာယ တနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ" အာယတနခြောက် ပါးထဲက တစ်ပါးပါးရဲ့ဖြစ်မှု ပျက်မှုကလေး မြင်လို့ရှိရင်ဖြင့် အမြင်မှန် ရပါပြီတဲ့ (မှန်ပါ)။

## ဖြစ်ပျက်ဆုံးရင် နိဗ္ဗာန်မြင်မယ်

ဒကာ ဒကာမတို့ ဖြစ်မှုပျက်မှုမြင်ရင် . . . (အမြင်မှန်ရပါပြီဘုရား) ကြိုးစားစမ်းပါ။ ဒါဖြင့် အမြင်မှန်ရလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ ဒီကနေဆက်ပြီး သကာလ မြင်လို့ရှိရင်ဖြင့် ဒီဖြစ်ပျက် မြင်ပြီးလို့ရှိရင်၊ ဖြစ်ပျက်ဟာ ဆုံးသွားလို့ရှိရင် ဖြစ်ပျက်မရှိဘဲ နိဗ္ဗာန်မြင်တော့မှာပဲ . . . (မှန်ပါ) မမြင်ပေဘူးလား . . . (မြင်ပါတယ်)။

အဲဒီတော့ ဖြစ်ပျက်မတွေ့ဘဲနဲ့လဲ ဖြစ်ပျက်အဆုံးဖြစ်တဲ့ နိဗ္ဗာန်ကိုမြင်နိုင်ပါ့မလား. . . (မမြင်နိုင်ပါဘူး) တေသံ-ကိုဖြစ်ပျက် နှစ်ပါးတို့၏၊ ဝူပသမော-ချုပ်ငြိမ်းရာနိဗ္ဗာန်သည်၊ သုခေါ-ချမ်းသာ၏ တဲ့ . . . ကိုး (မှန်ပါ) အနိစ္စာဝတ သင်္ခါရာမှာ ကြည့်ပါ၊ ဥပ္ပါဒဝယ ဓမ္မိနောကိုး. . . ။ ဖြစ်ခြင်း ပျက်ခြင်းသာ

ရှိတယ်လို့ မပြောဘူးလား (ပြောပါတယ်) ဥပ္ပန္နတ္တာနိရုဒ္ဓန္တိတဲ့။ ဘယ်တရားမဆို ဖြစ်ပြီးပျက်တာ ချည့်ပါပဲတဲ့ (မှန်ပါ)၊ တေသံ- ထိုဖြစ်ပျက်နှစ်ပါးတို့၏၊ ဝူပသမော- ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်၊ သုခေါ-ချမ်းသာ၏ဆိုတော့ ဖြစ်ပျက်ချုပ်ရင် နိဗ္ဗာန် (မှန်ပါ)။

ဒါဖြင့် ဖြစ်ပျက်မြင်ရင် အမြင်မှန် (မှန်ပါ)။ ဖြစ်ပျက် ဆုံးလို့ရှိရင် နိဗ္ဗာန်မြင်တော့ကို ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်မို့ နိဗ္ဗာန် မြင်နိုင်တာ (မှန်ပါ) ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

## ခန္ဓာဉာဏ်လှည့်ပါ

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ခန္ဓာဉာဏ် လှည့်ပါ၊ ခန္ဓာဉာဏ်လှည့်ပါဆိုတဲ့ဥစ္စာကိုဖြင့် များစွာပဲ တိုက်တွန်း ရတယ် (မှန်ပါ) ဘာ့ကြောင့်တုံးဆိုလို့ရှိရင်ဖြင့် ဘယ်ကလာတာ မသိငြားသော်လည်း၊ ဘယ်သွားရမယ်ဆိုတဲ့ ပြုံးသေကလေး သိစေချင်လို့ ဒါလောက်ဟောနေပါတယ် (မှန်ပါ) ဦးခင်မောင် ပြုံးသေကလေး ဖြစ်စေချင်လို့နော်. . . (မှန်ပါ) ရှင်းကြပလား . . . (ရှင်းပါပြီ)။

နို့မဟုတ်လို့ရှိရင် ဘယ်ကလာလို့ ဘယ်သွားရမှန်း မသိဘူး ဆိုတော့၊ ဩော်. . . ခက်လိုက်တဲ့ဖြစ်ခြင်း. . . ဘယ်ကလာခဲ့ သတုံးလို့ ဦးခင်မောင်မေးလဲ မသိဘူး. . . (မှန်ပါ)

ဒကာဝမေးလဲ (မသိပါဘူးဘုရား)၊ ဘယ်သွားရမှာတုံး ဆိုတော့လဲ. . . (မသိပါဘူးဘုရား) အမြင်မှန်မရရင် မသိပေဘူး . . . (မှန်ပါ)။

ဒါကြောင့် ဦးဇင်းတို့ သေသေချာချာ လုပ်ရလိမ့်မယ်နော် (မှန်ပါ) အမြင်မှန်ကို ကြည့်စမ်း. . . သမုဒယ၁ အတ္တာဂ်မ၁ . . . အာယတန ခြောက်ပါးထဲက တစ်ပါးပါးရဲ့ ဖြစ်မှုနဲ့ ပျက်မှုကို မြင်အောင်ကြည့်လို့ရှိရင်ဖြင့်၊ "ဧတ္တာဝတာခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံဟောတိ" - ဒါအမြင်မှန်ရတာပါပဲတဲ့ သဘောကျပြီလား. . . (ကျပါပြီ)။

## ဝေဒနာကိုဖြစ်စေ၊ စိတ်ဖြစ်စေရှုပါ

ဩော်. . . ဒါဖြင့် တို့ဆရာဘုန်းကြီးဆုံးမနေတယ်၊ ခန္ဓာကိုယ်ကို ဝေဒနာဖြစ်လည်း ဝေဒနာကို ဖြစ်ပျက်ရှုပါ၊ စိတ်ဖြစ်လည်း(စိတ်ဖြစ်ပျက်ရှုရပါမယ်) သညာသင်္ခါရဖြစ်လည်း (သညာသင်္ခါရကို ဖြစ်ပျက်ရှုရပါမယ်) ရုပ်ဖြစ်လည်း (ရုပ်ကို ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုပါဆိုတော့ ဒီပါဠိတော်တွေက လာပြီးသကာလနေတဲ့အတွက် ဘုရားက ဒီအကြောင်းကို ထောက်ခံလိမ့်ဦးမယ်၊ ဒီပုထုဇဉ်ရဟန်းက ဘုရားဆီသွားဦးမှာ တစ်နေ့ကလိုပဲ . . . (မှန်ပါ)။

အာယတနခြောက်ပါး၏ ဖြစ်ပျက်မြင်လို့ရှိရင် အမြင်မှန် ပါပဲတဲ့. . . နိဗ္ဗာန်ရောက်မှာပါပဲ. . . (မှန်ပါ)။

အေး. . . ဖြစ်ပျက်သာမြင်အောင်ရှုဖို့ အရေးကြီးတယ် (မှန်ပါ) ဖြစ်ပျက်မြင်အောင်ရှုဖို့ဆိုတော့ ဘုရားကရှုလို့လဲမရဘူး ဆရာကရှုပေးလို့လဲမရဘူး၊ နည်းပေးဖော်သာရကြမှာပဲ. . . (မှန်လှပါ) ဒကာ ဒကာမတွေကိုယ်တိုင်က ကိုယ့်ခန္ဓာနဲ့ ကိုယ့်ဉာဏ်နဲ့ ကိုက်အောင်လုပ်ရလိမ့်မယ် (မှန်ပါ) ရှင်းကြပလား . . . (ရှင်းပါ ပြီဘုရား)။

## ခန္ဓာနဲ့ဉာဏ်နဲ့ ကိုက်အောင်လုပ်ပါ

ကိုယ့်ခန္ဓာနဲ့ ကိုယ့်ဉာဏ်နဲ့ (ကိုက်အောင်လုပ်ရမှာပါ ဘုရား) ကိုယ့်ခန္ဓာက ဖြစ်ပျက်နဲ့ ကိုယ့်ဉာဏ်နဲ့ ကိုက်အောင် လုပ်လိုက်ပါ (မှန်ပါ)။

ကဲ. . . ဒါဖြင့် ပဌမရဟန္တာကြီးကဖြင့် ဒကာ ဒကာမတို့ ပုထုဇဉ်ရဟန်းကမေးလို့ အာယတနခြောက်ပါး၏ ဖြစ်မှုပျက်မှုကို ယထာဘူတဉာဏ်နဲ့သာ သိပေးမယ်ဆိုလို့ရှိရင်အမြင်မှန်ရပြီ. . . တဲ့ (မှန်ပါ)။

ဒကာ ဒကာမတို့ ကိုယ့်အမြင်မှန်ဆိုတာ သိကြပလား . . . (သိပါပြီဘုရား) ကိုယ့်ခန္ဓာထဲက တစ်ခုခုဖြစ်ပျက်ကို

မြင်ရင် ဘယ့်နှယ်ဆိုကြမလဲ . . . (အမြင်မှန်ရပါတယ်ဘုရား)။

ဦးခင်မောင်ရေ အမြင်မှန်ဆိုတာ ဉာဏ်လှည့်ရင် လွယ်ပါတယ် (မှန်ပါ) ဉာဏ်မလှည့်ရင်တော့ ခက်ကြလိမ့်မယ်နော် . . . (မှန်ပါ) ဉာဏ်မလှည့်ရင်တော့ ဒကာဒကာမတို့ အမြင်မှန်မရပဲနဲ့ သေသွားလေရဲ့. . . (မှန်ပါ) ဒီပါဠိတော် အတိုင်းဆိုရင် ဒီလိုပဲ ဆုံးမရမှာပဲ. . . (မှန်ပါ)။

## ဖြစ်ပျက်မြင်မှ သွားရာလမ်းသိမည်

ဒီပါဠိတော်အတိုင်းက အာယတနခြောက်ပါးထဲက တစ်ပါး ပါးဖြစ်ပျက် မမြင်ပဲနဲ့ ဒကာ ဒကာမတွေ သေသွားကြမယ် ဆိုလို့ရှိ ရင် သွားရာလမ်းလဲ သိပါဦးမလား (မသိပါဘူး) မနေ့က ပြောခဲ့တဲ့ ပရမ်းပတာကျတဲ့ ဝိနိပါတိက ဘေးတွေ မသင့်ပေဘူးလားဗျာ. . . (သင့်ပါတယ်)။

အဲဒါကြောင့်ဘုန်းကြီးတို့ ဒကာ ဒကာမတွေသွားရာလမ်း ခရီးသိရအောင် အမြင်မှန်ရဖို့အရေးကြီးပါတယ်ဆိုပြီး ဒီဝတ္ထုကို ထုတ်ရပါတယ် ဦးခင်မောင် . . . (မှန်ပါ) အာယတနခြောက်ပါး တစ်ပါးပါးကို ဘာမြင်ရမလဲ . . . (ဖြစ်ပျက်မြင်ရပါမယ်) ဖြစ်ပျက် မြင်ရင် ဘယ့်နှယ်ဆိုကြမလဲ . . . (အမြင်မှန်ရပါတယ်ဘုရား)။

အေး. . . ဒါပါဋ္ဌိတော်နဲ့လဲ ကိုက်သွားပါပြီ ဒကာ ဒကာမတို့၊ သူ့ဖြစ်ပျက်မြင်လို့ရှိရင် ဖြစ်ပျက်ဆုံးလို့ရှိရင် ဖြစ်ပျက်မရှိတဲ့ နိဗ္ဗာန်ဘယ့်နှယ်တုံး (မြင်ရပါတယ်ဘုရား)။

ကဲ. . . ထားလိုက်ပါဦး၊ ရဟန္တာလေးပါးဖြေတာကို နောက် အလုပ်စဉ်နဲ့တကွ ပြပါမယ် ဒကာဒကာမတို့၊ ပထမ ရဟန္တာက ဖြေလိုက်တာက ဆန္ဒဖဿာယတနာန် သမုဒယဥ္စ အတ္ထင်္ဂမဥ္စ ပဇာနာတိဆိုတော့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန ဒီခြောက်ခု ဖြစ်ပျက်မြင်လို့ရှိရင် ဦးခင်မောင်ရေ ဘာတဲ့တုံး. . . (အမြင်မှန်ရပါတယ်ဘုရား)။

## အာယတနခြောက်ပါးဆိုတာ

စက္ခုဆိုတာ စက္ခုပသာဒရုပ်ကိုဆိုပါတယ်၊ သောတ-ဃာန၊ ဇိဝှါ၊ ကာယရုပ်ဆိုတာရယ်ပြီးတော့ မနဆိုတဲ့ စိတ်၊ ပေါင်းလိုက်တော့ အာယတနခြောက်ပါး အတွင်းအဇ္ဈတ္တိကာယတန ခြောက်ပါးလို့ခေါ်တယ်၊ ဆန္ဒဖဿာယတနာန်လို့ ပထမရဟန္တာကြီးက ခြောက်ပါးလို့ခေါ်တယ်၊ ဆန္ဒဖဿာယတနာန် လို့ ပထမရဟန္တာကြီးက ခြောက်ပါးသော ဖဿာယတန လို့ဆိုလိုက်တယ်နော် (မှန်ပါ)။

ဒကာ ဒကာမတွေ နားလည်မှုကိုရှင်းလင်းပြီး ဆရာ

ဘုန်းကြီးက ပြောပါဆိုလို့ရှိရင်ဖြင့် မြင်ရုပ်ကလေးပေါ့ဗျာ အဲဒီ မြင်ရုပ်ကလေးဟာ စက္ခာယတနပဲ. . . (မှန်ပါ) ကြားတဲ့နား နာမ်ရုပ် ကလေးဟာကော (သောတာယတနပါဘုရား) နံတတ်တဲ့ နှာခေါင်း ရုပ်ကလေးဟာ ဃာနာယတန၊ စားတဲ့ အခါမှာ ချိုချဉ်ဖန်ငန်ကလေးနဲ့ တွေ့တဲ့ရုပ်ကလေးက (ဇိဝှာ ယတနပါ) ကိုယ်ပေါ်မှာ ဘယ်နေရာ ဆိတ်ဆိတ် ဘယ်နေရာ ထိလိုက် ထိလိုက် သိတဲ့သဘောကလေးကို အားပေးနေတဲ့ တရားကလေးက (ကာယာယတနပါဘုရား) ပြီးတော့မှ ဝမ်းထဲမှာ ဘယ်စိတ်ပေါ်ပေါ် စိတ်တွေဟူသ၍ က မနာယတန (မှန်ပါ) သဘောကျပလား . . . (ကျပါပြီ) အာယတန ဘယ်နှစ်ပါးပါလိမ့် . . . (ခြောက်ပါးပါဘုရား)။

## ဒါကိုဖြစ်ပျက်မြင်ရင် အမြင်မှန်

အဲဒီ အာယတနခြောက်ပါးကို ဦးခင်မောင် ဖြစ်ပျက်မြင် လို့ရှိရင်ဖြင့် "ဧတ္တာဝတာခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံဟောတိ" အမြင်မှန်ပါပဲကွာဆိုတော့ သူက အာယတန ခြောက်ပါးဖြစ်ပျက်မြင်ရင် အမြင်မှန်လို့ဟောလိုက်ပါတယ်၊ ရှင်းပြီလား. . . (ရှင်းပါပြီ)။

ဒါက ပထမရဟန္တာကဖြေတာ ဦးခင်မောင်ရေ. . . (မှန်ပါ)။

ကိုင်းဒါနဲ့ အဲဒီလိုဖြေလိုက်တော့ ပုထုဇဉ်က အရှင်ဘုရား၊ အရှင်ဘုရားကဲ့သို့ ဒီလိုအမြင်မှန်ရတဲ့ ပုဂ္ဂိုလ်များရှိပါသေးသလားလို့ မေးတော့၊ သူဟာ ဒီရဟန္တာကြီးဟောတာကို ကျေနပ်ကဲ့လား (မကျေနပ်ပါဘူး) ဒီရဟန္တာကြီးက ဖြေတာက ကြည့်စမ်း၊ ခြောက်ပါးအာယတနတို့၏ ဖြစ်ပျက်မြင်ရင် ပြီးတာပါပဲ (မှန်ပါ) အာယတနက ခြောက်ပါးဆိုတာ သူ့ဟာကဖြစ်ပျက်ကိုပြောနေတာ (မှန်ပါ) ခြောက်ပါးကို ပဓာနမထားနဲ့ ဖြစ်ပျက်ကို ပဓာနထားပါ (မှန်ပါ)။

ဘာကိုပဓာနထားရမလဲ (ဖြစ်ပျက်ကို ပဓာနထားရပါမယ်)။ သမုဒယဥ္စအတ္ထင်္ဂမဥ္စကို ပဓာနထားရမယ်၊ ဖြစ်မှုနဲ့ ပျက်မှုမြင်ရင် အမြင်မှန်ပဲ. . . (မှန်ပါ) ရှင်းကြပလား. . . (ရှင်းပါပြီ)။

## ဒုတိယရဟန္တာကြီး

ပုထုဇဉ်ရဟန်းကတော့ ဖြစ်ပျက်ကိုပဓာနမထားဘဲနဲ့ သူ့စိတ်ကူးမှာ ခြောက်ပါးကိုသာ ပဓာနထားပြီး ဖောက်ပြန်

သွားတဲ့အတွက် အရှင်ဘုရားလို အမြင်မှန်ရတဲ့ ပုဂ္ဂိုလ်များရှိပါသေးသလား ဆိုတော့ - ရှိပါသေးတယ်၊ ဟိုဘက်နားမှာ သီတင်းသုံးနေတယ်ဆိုတော့၊ သူဟာ ဒုတိယ ရဟန္တာဆီကို တစ်ဖန်ရောက်လာပြန်တယ် (မှန်ပါ)။

ပုထုဇဉ်ရဟန်း ဘယ်ရောက်သွားပါလိမ့် (ဒုတိယ ရဟန္တာဆီ ရောက်လာပါတယ်ဘုရား) ဒုတိယရဟန္တာဆီ ရောက်သွားပြန်တော့ ကိတ္တဝဘာနုခေါ်အာဝုသော ဒဿနံ သုဝိသုဒ္ဓံ ဟောတိ-လို့ မေးပြန်တာပဲ (မှန်ပါ) ဒုတိယ ရဟန္တာကတော့ ခုနင်ကပြောခဲ့တဲ့အတိုင်း **"ပဉ္စန္နံ ဥပါဒါနက္ခန္ဓာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ။ ဧတ္တာဝတာခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံဟောတိ"** ခန္ဓာငါးပါး ဖြစ်ပျက်မြင်လို့ရှိရင် ဒါဟာ အမြင်မှန်လို့သာ မှတ်ပေတော့ (မှန်ပါ)။

## ခန္ဓာငါးပါး၏ ဖြစ်ပျက်မြင်ရင် အမြင်မှန်

ခန္ဓာငါးပါးထဲက တစ်ပါးပါးဖြစ်ပျက်မြင်လို့ရှိရင် (အမြင်မှန်ပါဘုရား)။

ဒါဖြင့် ခုနင်ကပထမပုဂ္ဂိုလ်ကတော့ အာယတန

ခြောက်ပါး အမြင်မှန်၊ နောက်ပုဂ္ဂိုလ်ကတော့ . . . (ခန္ဓာငါးပါး အမြင်မှန်ပါ) ဒီတော့ပုထုဇဉ် ပုဂ္ဂိုလ်က မကျေနပ်ဘူး၊ အရင်ပုဂ္ဂိုလ်ကဖြင့် ခြောက်ပါး၊ နောက်ပုဂ္ဂိုလ်က ငါးပါးတဲ့၊ ရဟန္တာဖြစ်ပုံချင်းက တယ်ခြားကြတယ်တဲ့ . . . (မှန်ပါ) သူက ဖြစ်ပျက်ကိုမှ ပဓာနမထားဘဲကိုး. . . (မှန်ပါ)။

## ဖြစ်ပျက်ကို ပဓါနထားပြောတာ

ဟိုကခြောက်ပါးဟောတာ၊ ခြောက်ပါးနောက်က ဘာလိုက်လာသတုံး (ဖြစ်ပျက်လိုက်ပါတယ်) ဒုတိယရဟန္တာကြီး ကလဲ ငါးပါး နောက်ကဘာလိုက်လာသတုံး (ဖြစ်ပျက်ပါဘုရား)။ ရဟန္တာကြီးများ က ဖြစ်ပျက်ကို ပဓာနထား ပြောတာ (မှန်ပါ) သူက ၅-နဲ့ ၆-ကို ပဓာနထားပြီးစဉ်းစားနေတယ် (မှန်ပါ)။

ပုထုဇဉ်က ဘာကိုပဓာနထားပါလိမ့် (၅ နဲ့ ၆ ပါဘုရား)

ပုထုဇဉ်က ၅ နဲ့ ၆ ကိုပဓာနထားပြီး သကာလနေတော့ ခြော် ဒီပုဂ္ဂိုလ်ကတော့ဖြင့် ပထမပုဂ္ဂိုလ်က ၆ပါး။ ဒုတိယ ပုဂ္ဂိုလ်က ၅ ပါးတဲ့။ သူစိတ်ထဲမှာ ၆ပါးဆိုတော့ ရုပ်ကလေး ကလည်း ၅ခု စိတ်ကလေးကလည်း တစ်ခုတည်းဆိုတော့ ဒကာဒကာမတို့ ၆ပါးကို ရှုလို့ အမြင်မှန်ရတယ်လို့

သူကယူလိုက်တယ်။ စင်စစ်ကတော့ ဖြစ်ပျက်ကျအောင် လုပ်လိုက်ရင် အတူတူပဲ. . ။ ရုပ်နဲ့ နာမ်ပဲ (မှန်ပါ့)။

ဒုတိယပုဂ္ဂိုလ်ကတော့ ခန္ဓာ ၅ ပါးဖြစ်ပျက် မြင်လို့ ရှိရင်ဖြင့် ဒကာဒကာမတို့ အမြင်မှန်ပါဘဲလို့ ဒုတိယရဟန္တာကြီး က မဟောဘူးလား (ဟောပါတယ်) သူ့စိတ်ထဲမှာ ကျေနပ် ကဲ့လား . . . (မကျေနပ်ပါဘူး)။

အရင်ပုဂ္ဂိုလ်က ၆၊ နောက်ပုဂ္ဂိုလ်က ၅၊ သူဖြင့် ၆၊ ၅ ရှုပ်နေပြီး မယူတတ်တာနဲ့ သေရချည်ရဲ့ (မှန်ပါ့) စင်စစ်က သေသေချာချာ မယူတတ်လို့ပါ၊ ယူတတ်လို့ရှိရင် ၅ မှာလဲ ဘာကိုယူရမလဲ (ဖြစ်ပျက်ပါဘဲ) ၆ မှာကော(ဖြစ်ပျက်ပါဘဲ) ဖြစ်ပျက်ကို ဒကာဒကာမတွေ ပဓာန ထားလိုက်ကြပါ (မှန်ပါ့) ရှင်းပြီနော်. . (ရှင်းပါပြီဘုရား)။

အဲ့ဒီတော့ဒီဥစ္စာဟောလဲ ဟောနေပါတယ် ဒကာ ဒကာမတို့၊ ခန္ဓာကိုယ်မှာလဲ ဖြစ်ပျက်ကလေးလဲ ကြည့်ပေးကြပါ (မှန်ပါ့) ခန္ဓာကိုယ်ထဲ ဘာကြည့်ပေးရမလဲ (ဖြစ်ပျက်ကလေးတွေ ကြည့်ပေးရပါတယ်)။

ဒါကြည့်နည်းကလေးတော့ ဘုန်းကြီးခဏခဏပြော တယ် ဒကာဒကာမတို့၊ မျက်လုံးကလေး ဖွင့်လိုက်တဲ့အခါ ကျတော့ မမြင်ဘူးလား. . (မြင်ပါတယ်ဘုရား) မြင်ရုပ်မြင်စိတ်

ကလေးတော့ ပေါ်တာဘဲ၊ (မှန်ပါ့) တော်တော်ကြာတစ်ခု ကြည့်လိုက်ပြန်လို့ရှိရင်လဲ မမြင်ဘူးလား (မြင်ပါတယ်) ပထမတော့ သားကြည့်လိုက်ပြန်တော့လည်း မြင်တယ်၊ နောက် သမီးကြည့်လိုက် ပြန်တော့လည်း (မြင်ပါတယ်) ဒီမြင်ပုံချင်း တူရဲ့လား (မတူပါဘူး) အရင်စိတ်က သားမြင်တယ်၊ နောက်စိတ် က (သမီးမြင်ပါတယ်)။

ဩော်. . ဒါဖြင့် သားမြင်တဲ့စိတ်က မချုပ်ပျက်ပဲနေမယ် ဆိုရင်ဖြင့် သမီးမြင်တဲ့စိတ်ဟာပေါ်ခွင့် မရဘူး (မရပါဘူး) အဲဒီက တည်းကသူတို့ သည်ကားဖြစ်ပြီး ပျက်တယ်ဆိုတာ မသေချာဘူး လား (သေချာပါတယ်)။

## မြင်စိတ်ဟာ ဒီနေရာဖြစ်ဒီနေရာပျက်

အဲဒါကလေးလဲ မြင်တယ်ဆိုရင်မြင်တဲ့ စိတ်ကလေးကို ကိုယ့်ခန္ဓာကို လှုပ်လှုပ်ပြီး၊ ကိုယ့်မျက်လုံးထဲ ဉာဏ်ကလေး လှုပ်လှုပ်ပြီး ဩော် မြင်တဲ့စိတ်ကလေးဟာ ဒီနေရာဖြစ်ပြီး ဒီနေရာပျက်တာပါကလား . . (မှန်ပါ့) ကြားတဲ့စိတ်ကလေး ကော နားထဲဖြစ်ပြီး (နားထဲပျက်ပါတယ်ဘုရား) နံတဲ့စိတ်ကလေး ဟာ နှာခေါင်းထဲဖြစ်ပြီး တော့ (နှာခေါင်းထဲပျက်ပါတယ်ဘုရား) အားတဲ့စိတ်ကလေးဟာ လျှာလယ်မှာဖြစ်ပြီးတော့ (လျှာလယ်မှာ

ပျက်ပါတယ်) ယားတဲ့ ယံတဲ့စိတ်ကလေးဟာလဲ ကိုယ်ပေါ်မှာ ပေါ်ပြီးသကာလ. . ပေါ်တဲ့ နေရာမှာပျက်တယ် (မှန်ပါ့ဘုရား)။ ကောင်းတဲ့ သုခဝေဒနာ ကလေးဟာလဲ သုခသဟဂုတ် ကာယဝိညာဏ်ဆိုတဲ့ ကာယဝိညာဏ် စိတ်ကလေးဟာလဲ ကိုယ်ပေါ်မှာပေါ်ပြီးတော့ (ကိုယ်ပေါ်မှာပဲ ပျက်ပါတယ်ဘုရား) နေရာရွှေ့ပြီး ပျက်သေးသလား ဒီနေရာမှာပဲ ပျက်သလား. . (ဒီနေရာမှာပဲ ပျက်ပါတယ်)။

အဲဒီလို ဒကာဒကာမတွေက သမုဒယဉ္စအတ္ထင်္ဂမဉ္စ ဆိုတာကလေး ပဓာနထားပြီး သကာလဖြစ်ပျက်ကလေး တော့ဖြင့် ခန္ဓာကိုယ်လှည့်လှည့်ပေးကြပါ။ (မှန်ပါ့) အဲဒါ အမြင်မှန် ရအောင်လို့ ပြောနေတယ် (မှန်ပါ့)။

ဖြစ်ပျက်မြင်ရင်ဘာတဲ့တုံး (အမြင်မှန်ရပါတယ်ဘုရား)။

## ကိုယ့်ခန္ဓာကိုယ်၏ အနိစ္စကိုမြင်တာ

ဘယ့်နှယ်ကြောင့် အမြင်မှန်ရသတုံး ဆိုလို့ရှိရင်ဖြင့် ကိုယ့်ခန္ဓာကိုယ်ကြီး၏ အနိစ္စကိုကိုယ်မြင်သောကြောင့် ကိုယ့်အမြင်မှန် ပြီ (မှန်ပါ့) ယောကျ်ားမိန်းမလို့ မမြင်တော့ဘူး (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြပါ့မလဲ (ယောကျ်ားမိန်းမလို့ မမြင်တော့

ပါဘူး) ကိုယ့်အနိစ္စကိုသာ. . (ကိုယ်မြင်ပါတယ်ဘုရား)ဒါဖြင့် ဒါကို ဘယ့်နှယ်ဆိုကြပါ့မလဲ (အမြင်မှန်ပါဘုရား) ဒီကနေ တက်သွားပြန်တော့ ဖြစ်ပျက်တွေဆုံးတော့ နိဗ္ဗာန်မမြင်ဘူးလား. . (မြင်ပါတယ်) အဲဒီကျပြန်တော့လဲ အမြင်မှန်မရဘူးလား. . (ရပါတယ်)။ အဲဒီ တော့ဖြစ်ပျက် အမြင်မှန်မရရင် ဟိုမှာဖြစ်ပျက်သုဉ်းတဲ့ အမြင်မှန်ကို မရနိုင်ဘူး. . (မှန်ပါ့) ရှင်းကြပလား (ရှင်ပါပြီဘုရား)။

ဒီကဖြစ်ပျက်အမြင်မှန်မှ ခန္ဓာကိုယ်ထဲက မရသေးခဲ့လို့ ရှိရင်ဖြင့် ဖြစ်ပျက်ဆုံးတဲ့ အမြင်မှန်ကို. . . (မရပါဘူး)။ ဒါကြောင့်ဒီ ဟာကိုရှေ့ပိုင်းက အမြင်မှန်လို့မှတ်ပါ : . . (မှန်ပါ့)။

ပုထုဇဉ်ပုဂ္ဂိုလ်က-အရင်ပုဂ္ဂိုလ်ကတော့ ၆ ပါးဟောတယ် နောက်ပုဂ္ဂိုလ်က ၅ ပါးဟောတယ်။ အရင်ပုဂ္ဂိုလ်ကတော့ အကြွင်း အကျန်နဲ့ သဠာယတန ခြောက်ပါးကိုဟောတယ်၊ နောက်ပုဂ္ဂိုလ်က အကြွင်းအကျန်မရှိ ခန္ဓာငါးပါးရှုတယ်ဆိုပြီး သကာလ ဟောတယ်။ တခြားစီဖြစ်နေပြီ အရှင်ဘုရား၊ အမြင်မှန်ရတဲ့ပုဂ္ဂိုလ်များ ဘယ်မှာရှိသေးသတုံးဘုရား။ တပည့်တော်ကို အမိန့်ရှိပါဦး. . ။ ဟိုဘက်နားမှာရှိတယ်ဆိုတော့ သွားပြန်တာဘဲ ဒကာဒကာမတို့။

## တတိယရဟန္တာကြီး

ဒါနဲ့ တတိယရဟန္တာဆီကို သွားမေးလိုက်တယ်။ အရှင်ဘုရားတို့ နဗ္ဗာန်ရတဲ့ အမြင်မှန်ကလေး တပည့်တော်ကို အမိန့်ရှိပေးပါဘုရား. . . ။ တတိယပုဂ္ဂိုလ်ကသာ ကျဉ်းတာပေါ့ ဦးဝရဲ့ . . . စတုန္နံမဟာဘူတာနံဆိုပြီးတော့ ခါတ်ကြီးလေးပါးပဲ ဟောလိုက်တယ်။

- ယတောခေါ အာဝုသောဘိက္ခုစတုန္နံ

မဟာဘူတာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စယထာဘူတံ ပဇာနာတိ။

## ဓါတ်ကြီးလေးပါး၏ဖြစ်ပျက်

ဓါတ်ကြီးလေးပါး တစ်ပါးပါးဖြစ်ပျက်မြင်ရင် ပြီးတာပါပဲ။ အဲဒါအမြင်မှန်ပဲလို့ ဟောလိုက်တယ် (မှန်ပါ) ဦးခင်မောင်သာပြီး နည်းမနေဘူးလား. . . (နည်းပါတယ်ဘုရား)။ ကဲ. . . ဦးဇံရင်တို့ သာပြီးနည်းမနေဘူးလား (နည်းပါတယ်)။

သူက ရိပ်မှ - မရိပ်မိပဲ ဒကာ ဒကာမတို့ ဖြစ်ပျက်ပါတာ ချည်းပဲ။ ဟိုကပြောတာတွေက ဖြစ်ပျက်ကို အမိကထားပြီး ပြောနေကြတာ။ မပေါ်လာကြသေးဘူးလား . . .

(ပေါ်ပါပြီ ဘုရား) ဖြစ်ပျက် အဓိကထားဟောနေတာ သူမှ မရိပ်မိဘဲ (မှန်ပါ)။

## ပခန်းသားလိမ်နည်း

အဲဒီတော့ ပုထုဇဉ်ဆိုတာ ဦးခင်မောင် တယ်ပြီး ခက်ပါလား (ခက်ပါတယ်ဘုရား) ပခန်းသားလို ဖြစ်နေပြီထင်တယ်. . .။ ပခန်းသား လိမ်တတ်တယ်၊ ကြောတတ်တယ် သူများအပေါ် လူညွှန့်ခူးတတ်တယ်ဆိုတော့ တစ်ယောက်သော ပုဂ္ဂိုလ်က မင်းတို့ပခန်းသားများဟာ တယ်ကြောက်စရာ ကောင်းသကွာ. . . လိမ်တတ်တယ်၊ ကြော တတ်တယ်ဆိုတော့ ငါ့ကိုလိမ်စမ်းပါဦး ငါသတိနဲ့နေမယ်လို့ ပြောလိုက်တယ် (မှန်ပါ) အို. . . မလိမ်နိုင်သေးပါဘူးကွယ် ရောက်ခါစ ဧည့်သည်ပဲ ရှိသေးတယ်၊ ထမင်းမှမစားရသေးဘူး ဆိုတော့ ထမင်း ချက်ကျွေး ရတယ်။ (မှန်ပါ) ထမင်းစားပြီး တော့ကဲ. . . လိမ်လေကွာ ပြောတော့ အို . . . လိမ်ပြီးပြီတဲ့။ (မှန်ပါ) ထမင်းတောင် စားပြီးပေါ့ ကိုးဗျ (မှန်ပါ)။

ထမင်းတောင်မှ မစားရသေးပဲနဲ့ကွာ မင်းနှယ် မဟုတ်သေးပါဘူး။ ထမင်းကလေး ဘာကလေး စားပြီးတော့

ပြောတာပေါ့တဲ့။ ရိပ်မိကြပလား (ရိပ်မိပါပြီ)။ ဘယ်လို လိမ်သွားသတုံး . . . (ထမင်းကို လိမ်သွားပါတယ်) ထမင်းစားဖို့ လိမ်ပြီးပြီ။ အဲဒီတော့ ကျုပ်လိမ်လေလို့ ဟိုက စောင့်နေတဲ့ ပုဂ္ဂိုလ်က သိသေးရဲ့လား. . . (မသိပါဘူး) ဟိုက လိမ်တာကိုမှ မသိဘူးဆိုလို့ရှိရင် သူဟာ သတိထားရာကော ရောက်သေးရဲ့လား (မရောက်ပါဘူး)။

ဒီမှာလဲ ပုထုဇဉ်ကိုအာယတနခြောက်ပါးဟော၊ ခန္ဓာငါးပါး ဟောတော့ ဖြစ်ပျက်လို့ထည့်ထားတယ် (မှန်ပါ) ရဟန္တာတွေဟောတဲ့အထဲမှာ ဘာပါသတုံး (ဖြစ်ပျက်ပါထားပါတယ်) အဲဒီတော့ သူက နားမလည်သေးဘူးဆိုတော့ လိမ်ပြီးတာတောင် မသိသေးတဲ့ လူလို ကျနေတယ် (မှန်ပါ) ရိပ်မိပလား . . . (ရိပ်မိပါပြီ) အဲဒီတော့ ပုထုဇဉ်ထူတယ်ဆိုတဲ့ အဓိပ္ပါယ် ဦးခင်မောင်ပေါ်ပလား . . . (ပေါ်ပါပြီ)။

ဒကာသစ်ဘာပေါ်လာသတုံး (ပုထုဇဉ်ထူပါတယ်) ကြည့် စမ်း ဟိုကဟောတာက ခြောက်ပါးသော အာယတနလဲ ဖြစ်ပျက် မြင်ရင်အမှန်ပါဘဲဆိုတော့ ဖြစ်ပျက်ကလေးတွဲတွဲ ချုပ်ထားတယ် (မှန်ပါ) ခန္ဓာငါးပါးကိုလဲ ဖြစ်ပျက်မြင်လို့ရှိရင် အမှန်ပါပဲ. . . (မှန်ပါ) အဲဒီတော့ ဒကာဒကာမတွေက ရှုပ်သေးသလား (မရှုပ်ပါဘူး)။

## ဘာတွေ့တွေ့ ဘာကိုမြင်ရမှာတုံး

ဘာတွေ့တွေ့ ဘာကိုမြင်ရမှာတုံး . . . (ဖြစ်ပျက်မြင်ရပါတယ်) ဖြစ်ပျက်မြင်ရင် ဘာဆိုကြမယ်. . . (အမြင်မှန်ပါဘုရား) အမြင်မှန်ရပြီဆိုတာ သေသေချာချာမှတ်ပါတော့(မှန်ပါ) သဘောပါ ကြပလား. . . (ပါပါပြီ) ပုထုဇဉ်ရဟန်းကတော့ ကျေနပ်ကဲ့လား . . . (မကျေနပ်ပါဘူး) လိမ်ပြီးတာဟောင်မှ လိမ်မှန်းမသိတဲ့ ပုဂ္ဂိုလ်လို မရောက်ဘူးလား (ရောက်ပါတယ်ဘုရား) ထူတယ်။ အတယ်ဆိုရင်ကော စွဲချက်တင်ရင် အတင်ခံရတော့မှာပဲ (မှန်ပါ)။

ကဲ. . . ဒါနဲ့ တတိယရဟန္တာကြီးက လေးပါးတည်းနဲ့ နိဗ္ဗာန်တည်းဟူသော အမြင်မှန်ကို မဂ်ဉာဏ်နဲ့ အမြင်မှန်ရသတဲ့ဆို တော့ ပုထုဇဉ်ရဟန်းမှာ ခက်နေတယ် ဦးခင်မောင်ရေ . . . (မှန်ပါ)။

ဘယ်သူခက်နေတာတုံး . . . (ပုထုဇဉ် ရဟန်းခက်နေတာပါ) ရဟန္တာကြီးတွေကတော့ အမြင်မှန်ချည်းပြောချတယ် (မှန်ပါ) ဖြစ်ပျက်မြင်ရင် အမြင်မှန်ဘဲ. . . (မှန်ပါ) ဒီလိုမပါဘူးလား (ပါပါတယ်ဘုရား)။

## ပုထုဇဉ်ရဟန်းက မကျေနပ်သေးဘူး

ဒါနဲ့ ဒကာဒကာမတို့ မကျေနပ်သေးတာနဲ့၊ အရှင်ဘုရားလို အမြင်မှန်ရတဲ့ ပုဂ္ဂိုလ်များ ဘယ်များရှိပါသေးသတုံးဆိုတော့ ဟိုနားမှာ တစ်ပါးရှိသေးတယ်လို့ ညွှန်လိုက်တယ် (မှန်ပါ) သွားရတာ ဘယ်နှစ်ပါးရှိပလဲ . . . (လေးပါးရှိသွားပါပြီ) အမောသာဆိုက်မယ် ဒီပုဂ္ဂိုလ်အမှန်ဖြစ်မှာ မဟုတ်သေးဘူး . . . (မှန်ပါ)။

အမောတော့ ဆိုက်မှာပဲ အမှန်ဖြစ်ဖို့ မြင်သေးရဲ့လား (မမြင်ပါဘူး) လိမ်ပြီးတာတောင်မှ ပြီးမှန်းမသိသေးတဲ့ အဝိဇ္ဇာယ်မျိုး ရောက်နေတာ (မှန်ပါ) အတော်မဆိုးဝါးဘူးလား ဒကာဒကာမတို့ (ဆိုးဝါးပါတယ်)။

အဲ. . . ဒီမှာလဲ ဒကာဒကာမတို့ အနိစ္စဆိုတာက ဘယ် များနေပါလိမ့်မတုံးဆိုတော့ ယားတာဟာလဲ အနိစ္စပဲ . . . (မှန်ပါ) ချုပ်ပျောက်ပြီဆိုတော့ အရင်စိတ်ကလေး ပျက်သွားတာ (အနိစ္စပါ ဘုရား) ဒါတောင်ကျုပ်တို့ဖြင့် အနိစ္စဆိုတာ မမြင်သေးပါဘူးတဲ့ (မှန်ပါ) အင်း. . . ခက်ပြီ ဒါဖြင့် ခင်ဗျားတို့လဲခက်ပြီ (မှန်ပါ) မခက်သေးဘူးလား . . . (ခက်ပါပြီ) ယားတာ ကလေးက ဒီနေရာဖြစ်ပြီး ဒီနေရာ

ပျောက်သွားတော့ ဘာဆိုကြမလဲ . . . (အနိစ္စပါဘုရား)။

## စားချင်တဲ့စိတ်ဟာ အနိစ္စ

စားချင်တဲ့စိတ်ကလေးဟာ ဒကာ ဒကာမတို့ စားတော့ ရှိ သေးရဲ့လား (မရှိပါဘူး) အဲဒါ ဒကာ ဒကာမတို့ စားချင်တဲ့စိတ် ကလေးဟာ အနိစ္စပဲ မဟုတ်လား (မှန်ပါ)။ ပထမစားတဲ့ စိတ်ကလေးဟာလဲ ဇွန်းကိုင်တဲ့ အချိန်သူရှိသေး သလား. . . (မရှိပါဘူး) မရှိတော့ စားတဲ့စိတ်ကလေးဟာ ဘာဆိုကြမယ်. . . (အနိစ္စပါဘုရား)။

အဲဒါကလေးတွေရှိနေလျက်သားနဲ့ ကျုပ်တို့ဖြင့် ဘုန်းကြီး ဆီလဲ တရားနာနေတာကြာပြီ၊ ခန္ဓာကိုယ်ကြည့်ပါ ဆိုလို့လဲ ကြည့်တာဘဲ - မြင်ကိုမမြင်သေးဘူးတဲ့ (မှန်ပါ) ခက်ပကော ခင်ဗျားတို့ဟာ - (မှန်ပါ) မြင်ကိုမမြင်သေးဘူးတဲ့ . . . အနိစ္စတွေကတော့ပုံနေတယ် (မှန်ပါ) ဒါဖြင့်ခင်ဗျားတို့ ဟာ ကြောင်တောင်ကွယ်မျိုးလို ကျနေပြီ. . . (မှန်ပါ) ဒါဘဲပြောစရာ ရှိတော့တယ် (မှန်ပါဘုရား) ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ဘာမျိုးများ ဖြစ်နေကြသတုံး (ကြောင်တောင်ကွယ်လို ဖြစ်နေပါတယ်) အင်း. . . ကြောင်တောင်ကွယ်တော့ မလုပ်

ကြနဲ့ဗျာ . . . သိပ်အရုပ်ဆိုးတယ် နာမည်လဲ မကောင်းပါဘူး (မှန်ပါ)။

ကဲ . . . ဒါဖြင့် ဒကာ ဒကာမတွေ ခန္ဓာကိုယ်ကြီးဟာ အမြဲတမ်းပျက်နေတယ်ဆိုတာကော သဘောကျပလား. . . (ကျပါပြီ)။

## အနိစ္စမမြင်သေးဘူး မလှုပ်ပါနဲ့

ကဲ. . ဒကာ ဒကာမတို့ စားချင်လိုက်တာ ရေသောက်ချင်လိုက်တာ ဆိုကြပါစို့။ ရေသောက်ချင်လိုက်တာဟာ ရေသောက်ချင် ပြီးချုပ်သွားတာပဲ ရေသောက်လိုက်ရရဲ့လား. . . (မသောက်လိုက် ရပါဘူး)။ သွားရည်းမှာကိုး ဒကာ ဒကာမတို့ရဲ့ (မှန်ပါ) အဲဒီတော့ သောက်ချင်တဲ့ စိတ်ကလေးဟာရှိသေးရဲ့လား. . . (မရှိပါဘူး) ဘာခေါ်ကြမယ် ဒါဖြင့်(အနိစ္စတရားပါ) အဲဒါကလေးအနိစ္စဆိုတော့ ဂျုပ်အနိစ္စမမြင်သေးဘူး နောက်ကိုမလှုပ်ကြနဲ့နော်. . . (မှန်ပါ)။ အနိစ္စကမရှိလို့လားတဲ့ ခင်ဗျားတို့က မသိလို့လား. . . (မသိလို့ပါဘုရား)။

ဩော် . . . ဒါဖြင့်မရှိတာထက် မသိတာကအခက်ဆုံးပါလား . . . (မှန်ပါ) ခင်ဗျားတို့အခုမှပဲ ကိုက်ပေတော့တယ်

(မှန်ပါ)။ ရိုပ်မိပလား (ရိပ်မိပါပြီ)။ တစ်ခါတည်း ဒကာ ဒကာမ တွေသည်ကားလို့ဆိုရင်၊ မရှိတာဘဲ ဒီနားမှာကပ်နေတာပဲ ဒါကိုပဲ မသိတာခက်နေတယ် (မှန်ပါ) နောက်ကိုဖြင့် ဒီလို မလုပ်ကြပါနဲ့ဗျာ . . . ဘုန်းကြီးလည်းနာမည် ပျက်ကုန်ရော့ မယ် . . . (မှန်ပါ) ရိပ်မိကြပလား . . . (ရိပ်မိပါပြီဘုရား) မရှိတာနဲ့ သိတာနဲ့ဖြင့် ကိုက်အောင်လုပ်ကြပါ။ မရှိတာထက် မသိတာက အခက်ဆုံးဖြင့် မလုပ်ကြပါနဲ့ . . . (မှန်ပါ)။

ဒါဖြင့် ဘယ့်နှယ့်လုပ်ကြမယ် . . . (မရှိတာနဲ့သိတာ ကိုက်အောင်လုပ်ရပါမယ်ဘုရား) မရှိတာကလေးကိုသိပြီ။ ဒီတရား လေး မရှိတော့ဘူး . . . (မှန်ပါ)။

ကဲ . . . ရေသောက်ချင်တဲ့စိတ်ကလေးဟာ ရေ သောက်ရရဲ့လား . . . (မသောက်ရပါဘူး) ကဲဒါဖြင့်သူရှိသေး ရဲ့လား (မရှိပါဘူး) မရှိတာကအနိစ္စသိတာက . . . (မဂ္ဂပါ ဘုရား) အဲဒီလို သွားတာ (မှန်ပါ)။

## မရှိတာက အနိစ္စ၊ သိတာကမဂ္ဂ

ကဲရေသောက်ချင်တော့ ထိုင်ငနေရာက ထသောက် ချင်တယ်ဆိုတော့ ထရပြန်ပြီ၊ ထချင်တဲ့စိတ်လေးဟာလဲ ထပြီး ရှိသေးရဲ့လား . . . (မရှိပါဘူး) မရှိတာက (အနိစ္စပါ) သိတာက . . . (မဂ္ဂပါ)။

အဲဒီလိုချည့်သွားတော့ ခြေထောက်ကလေးကြွပြန်တော့ ကြွချင်တဲ့စိတ်ကလေးကကော ဒကာဒကာမတို့ ကြွပြီးရှိသေးရဲ့လား (မရှိပါဘူးဘုရား) မရှိတာကဘာဆိုမယ် (အနိစ္စပါ ဘုရား) သိတာက . . . (မဂ္ဂပါဘုရား)။

အဲဒါတွေမသိလို့ရှိရင်ဖြင့် မရှိတာဟာ အနိစ္စလို့ ခင်ဗျားတို့ သန္တာန်မှာ မဖြစ်တော့ဘူး။ မရှိတာထက် မသိတာခက်လို့ ခင်ဗျားတို့ အပါယ်သံသရာက မတက်ကြရဘူး (မှန်ပါ) ရှင်းပလား (ရှင်းပါပြီ)။

အခုတော့ဖြင့် ရှင်းပါပြီနော်. . . (ရှင်းပါပြီ) ကိုယ်နှလုံးသွင်းလိုက်ရင် တည့်တည့်မနေဘူးလား . . (နေပါတယ်)။

အေးဒါကြောင့် ခင်ဗျားတို့ ကြမ်းပိုးကိုသာ စမ်းပြီးဖမ်းတတ်တာကိုး ခက်လိုက်တဲ့ဖြစ်ခြင်း၊ ကြမ်းပိုးကျတော့ မှောင်ထဲတောင်စမ်းပြီးဖမ်းတတ်တယ်။ ဒီမှာ သေသေချာချာ ရှိတာကျတော့ မဖမ်းတတ်ဘူးဆိုတာ အတော်ခက်နေတာ (မှန်ပါ) မဆိုးဝါး ဘူးလား (ဆိုးဝါးပါတယ်ဘုရား)။

ဒကာဒကာမတွေ . . . သန်းတွေများပြေးနေတော့ ခင်ဗျားတို့မိအောင် မဖမ်းဘူးလား (ဖမ်းပါတယ်) ဟိုမှာပြေးတာတော့ မိအောင်ဖမ်းနိုင်တယ်။ ဒီနေရာကလေးမှာဖြစ် ဒီနေရာကလေးမှာ သေတာကို ရှုလိုက်ရင် တိုက်ဆိုင်တွေ့တဲ့

အဓိပ္ပါယ်ကို ခင်ဗျားတို့ မသိတာ အတော်ခက်ပါတယ် (မှန်ပါ)။

ကဲ. . . ဒီကရှေ့တော့ဖြင့် သူများအမြည်အတွန်လဲ မခံတော့ဘူး၊ မရှိတာနဲ့ သိတာနဲ့ ကိုက်အောင်လုပ်တော့မယ်လို့ ဆုံးဖြတ်ချက်ချကြပါ (မှန်ပါ) သဘောပါကြပလား (ပါပါပြီ)။

ကဲဒါဖြင့် စတုတ္ထရဟန္တာသွားကြပါဦးစို့. . . ဒကာ ဒကာမတို့ ခင်ဗျားတို့ အလုပ်ကလဲထည့်ရ ဝတ္ထုကလည်း ထည့်ရနဲ့မို့ ခက်နေတာ (မှန်ပါ)။

## စတုတ္ထရဟန္တာကြီး

ပုထုဇဉ်ရဟန်းက စတုတ္ထရဟန္တာဆီ သွားလိုက်တယ်။ အရှင်ဘုရား. . . အရှင်ဘုရားတို့ နိဗ္ဗာန်မြင်တဲ့ အမြင်မှန်ကို ပြောစမ်းပါဦးဘုရားလို့ လျှောက်တယ်။

## ဖြစ်ပျက်ချည်း အကုန်ရှိတယ်

ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံတံ နိရောဓဓမ္မံလို့ ဖြေလိုက်တယ်။ ဒီကိုယ်တော်ကသာပြီးရှင်းသေးတယ်။ ဖြစ်ပျက်ချည်း အကုန်ရှိတယ်ကွတဲ့ (မှန်ပါ) ယံကိဉ္စိ-အလုံးစုံသော သင်္ခါရ

တရားသည်၊ သမုဒယခမ့်-ဖြစ်ခြင်း သဘောရှိ၏။ အလုံးစုံသော ဖြစ်တတ်တဲ့ သဘောသည် ချုပ်ခြင်းသဘောပဲ၊ ဖြစ်ပျက်ပဲရှိတယ်။ ခန္ဓာတွေအာယတနတွေ ဓါတ်တွေတောင် မဖော်တော့ဘူး (မှန်ပါ) ဖော်သေးရဲ့လား (မဖော်ပါဘူး)။

## ဖြစ်ပျက်မြင်ရင် အမြင်မှန်ပါပဲ

အဲဒီဖြစ်ပျက်မြင်ရင် အမြင်မှန်ပါပဲလို့ စတုတ္ထရဟန္တာက တာဝန်မခံဘူးလား . . . (ခံပါတယ်)။

ဒီပုဂ္ဂိုလ်ဖြေတာကမှ ခက်တယ်၊ ဟိုကိုယ်တော်တွေက သရုပ်ပါသေးတယ်၊ ဒီပုဂ္ဂိုလ်ဖြေတာက သရုပ်တောင်မပါဘူး . . . (မပါပါဘုရား)။

ပုထုဇဉ်ရဟန်းတော့ ခက်သွားပြီ ဒကာဒကာမတို့ (မှန်ပါ) မခက်သေးဘူးလား (ခက်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့လည်း ဒီလိုဘဲ ဘုန်းကြီးဆီမှာ တရားနာတာ ကြာလှပြီ၊ ဘုန်းကြီးကလည်း ဖြစ်ပျက်ဟော တယ်၊ ကျုပ်တို့လဲ ဖြစ်ပျက်ကို မတွေ့သေးဘူး. . . ဆိုတော့ မခက်ဘူးလား . . . (ခက်ပါတယ်) ဒီကရှေ့တော့ ဆရာလဲ နာမည်မပျက်စေနဲ့၊ ကိုယ်လဲ စုံလုံးကန်းမဖြစ်စေနဲ့ (မှန်ပါဘုရား) ရိပ်မိပလား (ရိပ်မိပါပြီ)။

## ဘယ်စိတ်ပေါ်ပေါ် မရှိဘူးလို့ သိအောင်လုပ်ပါ

ကိုယ်လဲစုံလုံးကန်းမဖြစ်ရအောင် ဒကာဒကာမတို့ ဘယ် စိတ်ပေါ်ပေါ် မရှိဘူး မရှိဘူးလို့ သိအောင်လုပ်ပါဆိုတာကိုဖြင့် သတိပေးလိုက်ပါတယ် (မှန်ပါ)။

ပုထုဇဉ်ရဟန်းကို ရဟန္တာမထေရ်လေးပါး ဟောတာတွေဟာ အမှန်ချည်းပဲဆိုတာ သဘောကျပလား (ကျပါပြီ) တစ်နံပါတ် ပုဂ္ဂိုလ်ဟောတာလဲ ဖြစ်ပျက်ပါတာဘဲ၊ ဒုတိယကိုယ်တော် ဟောတာကော (ဖြစ်ပျက်ပါပဲ) တတိယကိုယ်တော်ကော (ဖြစ်ပျက်ပါပဲ) စတုတ္ထကိုယ်တော်ဟောတာကော (ဖြစ်ပျက် ပါပဲ)။

ဖြစ်ပျက်ပါတာကို မတူဘူးတဲ့. . . သူတို့မြင်ပုံချင်း မတူ ဘူးတဲ့။ နိဗ္ဗာန်အမျိုးမျိုးရှိလိမ့်မယ်လို့တောင် သူယူချင်ယူပစ်လိမ့်မယ် (မှန်ပါ)။

အဲဒါကြောင့် အရှင်ဘုရားတို့နဲ့ဖြင့် မကျေနပ်နိုင်ဘူးဆိုပြီး ဘုရားထံမေးလိမ့်ဦးမယ်။ လျှာကဒါလောက်ရှည်တယ်ဆိုတာ မှတ်ပေတော့ (မှန်ပါ)။ ဒါဖြင့် ဘုရားထံမေးပြီး ဘုရားအဖြေထုတ်တာ နက်ဖန်မှနာကြ။

ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု